# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# နဝမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမရခဲ့သော ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ၎င်းပြည်နယ်များအတွက် အထူးကင်းလွတ်ခွင့် ပေး၍ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ကော့သောင်းမြို့တွင် မော်တော်ယာဉ်ရပ်နားသည့်စခန်း တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | စည်ပင်သာယာရေးဈေးများ၏ ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးဈေး ဆိုင်တန်းများ သန့်ရှင်းရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများနှင့် သန့်ရှင်းသောဈေးများဖြစ်ပေါ်လာအောင် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်သွားမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | တောင်ဥက္ကလာပမြို့နယ် ရတနာလမ်းနှင့် သုမင်္ဂလာလမ်းဆုံတွင်ရှိသော ယာဉ်ငယ်ရပ်နား စခန်း(၂)ခုတွင် ယာဉ်ရောင်းဝယ်ရေးစခန်း ဖွင့်မည်ဆိုပါက ရတနာလမ်းတစ်လျှောက်တွင်ရှိသော ယာဉ်ကြော ပိတ်ဆို့မှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း ဝင်ငွေတိုးတက်မည် ဖြစ်ပါသဖြင့် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၉ | မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ အကြိုအဖွဲ့ဝင် (Candidate) အနေနှင့်ဝင်ရောက်ခဲ့သည့် Extractive Industries Transparency Initiative (EITI)ဆိုသည့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးဆောင်ရွက်နေသည့် အဖွဲ့ကြီး၏တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှရရှိသည့် နိုင်ငံတော်၏ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံ | ၁၈ |

ဝင်ရောက်နိုင်ရေးအစီအစဉ်များ မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၀ အောင်ဘာလေသိန်းဆုဌာနမှ သတ်မှတ်ဈေးနှုန်းဖြင့် ပြည်သူများ ၂၂
လွယ်ကူစွာ ဝယ်ယူကံစမ်းနိုင်ရေး အတွက် မည်သို့စီမံဆောင်ရွက် ထားသည်နှင့် သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချနေသော လုပ်ငန်းရှင် အဆင့်ဆင့်များအား မည်သို့ညှိနှိုင်းစီမံဆောင်ရွက်သွားမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၁ ရေပူစစ်ဆေးရေးဂိတ်၏ ယာဉ်များ စစ်ဆေးရာလမ်းကြောင်း၊ စစ်ဆေး ၂၈
သည့်နေရာများ ယာဉ်သွားလာမှု အဆင်ပြေစေရန် ကောင်းမွန်သော လမ်းများ ခင်းထားပေးရန် အစီအစဉ်ရှိ/မရှိ၊ ယာဉ်စစ်ဆေးရာတွင် တာဝန်ကျဝန်ထမ်းများနှင့် ပြည်သူ့စစ်များ၏ ဆက်ဆံရေးကို ပြုပြင်ပြောင်းလဲလာစေရန် မည်သို့ ဆောင်ရွက်ပေးမည်နှင့် ပြည်ပသို့ တင်ပို့သည့် ပါမစ်ရနွားကားများကို စစ်ဆေးသည့်အထူးအစီအစဉ် များရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၂ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က နိုင်ငံတော်ပိုင်မြေယာများ၊ ၃၂
အဆောက်အအုံများ၊ လုပ်ငန်းများအပေါ်အခြေပြု၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် ခွင့်ပြုခဲ့သော စီမံကိန်းများအား ပြန်လည်သုံးသပ် စစ်ဆေးကာ ကတိကဝတ်နှင့်မညီညွတ်ပါက ခွင့်ပြုချက်ရပ်ဆိုင်းခြင်း၊ ထိုက်သင့်သော အရေးယူမှုများပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအတွက် အကျိုးရှိသော စီမံကိန်းသစ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံပိုင် အရင်းအမြစ်များအတွက် အမှန်တကယ်အကျိုးရှိလာစေရေး စီမံ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံး အဖြတ်ရယူခြင်း

၁၃ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်ကတင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ၃၈
ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၃၈
နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော် ၏အဆုံးအဖြတ်ရယူခြင်း

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၄၃

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# နဝမနေ့ အစီအစဉ်

# [ ၇–၂–၂၀၁၉ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၏ **၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်တွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမရခဲ့သော ကယားပြည်နယ်နှင့် ချင်းပြည်နယ် တို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ၎င်းပြည်နယ်များ အတွက် အထူးကင်းလွတ်ခွင့်ပေး၍ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **ကော့သောင်းမြို့တွင် မော်တော်ယာဉ် ရပ်နားသည့်စခန်း တိုးချဲ့ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၏ **စည်ပင်သာယာရေး ဈေးများ၏ ဟင်းသီးဟင်းရွက်နှင့် သားငါးဈေးဆိုင်တန်းများ သန့်ရှင်းရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများနှင့် သန့်ရှင်းသော ဈေးများဖြစ်ပေါ်လာအောင် မည်ကဲ့သို့စီစဉ်ဆောင်ရွက်သွားမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တောင်ဥက္ကလာပ မြို့နယ် ရတနာလမ်းနှင့် သုမင်္ဂလာလမ်းဆုံတွင်ရှိသော ယာဉ်ငယ် ရပ်နားစခန်း (၂) ခုတွင် ယာဉ်ရောင်းဝယ်ရေးစခန်းဖွင့်မည်ဆိုပါက ရတနာလမ်းတစ်လျှောက်တွင်ရှိသော ယာဉ်ကြောပိတ်ဆို့မှုများ ကိုလည်း လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း ဝင်ငွေ တိုးတက်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်ပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်၊ ဇူလိုင်လမှာ အကြိုအဖွဲ့ဝင် (candidate) အနေနှင့် ဝင်ရောက်ခဲ့သည့် Extractive Industries Transparency Initiative (EITI) ဆိုသည့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်း ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး ဆောင်ရွက်နေသည့် အဖွဲ့ကြီး၏ တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတ တူးဖော်ခြင်းမှရရှိသည့် နိုင်ငံတော်၏ ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာ ချပြပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်နိုင်ရေး အစီအစဉ်များ မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **အောင်ဘာလေ သိန်းဆုဌာနမှ သတ်မှတ်ဈေးနှုန်းဖြင့် ပြည်သူများလွယ်ကူစွာ ဝယ်ယူ ကံစမ်းနိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ထားသည်နှင့် သတ်မှတ် ဈေးနှုန်းထက် ပိုမိုရောင်းချနေသော လုပ်ငန်းရှင် အဆင့်ဆင့်များအား မည်သို့ညှိနှိုင်းစီမံဆောင်ရွက်သွားမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၏ **ရေပူစစ်ဆေးရေးဂိတ်၏ ယာဉ်များ စစ်ဆေးရာလမ်းကြောင်း၊ စစ်ဆေးသည့် နေရာများ ယာဉ်သွားလာမှု အဆင်ပြေစေရန် ကောင်းမွန်သောလမ်းများ ခင်းထားပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ယာဉ်စစ်ဆေးရာတွင် တာဝန်ကျဝန်ထမ်းများနှင့် ပြည်သူ့ စစ်များ၏ ဆက်ဆံရေးကို ပြုပြင်ပြောင်းလဲလာစေရန် မည်သို့ ဆောင်ရွက်ပေးမည်နှင့် ပြည်ပသို့ တင်ပို့သည့် ပါမစ်ရရှွားကားများကို စစ်ဆေးသည့် အထူးအစီအစဉ်များ ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်က **"နိုင်ငံတော်ပိုင် မြေယာများ၊ အဆောက် အအုံများ၊ လုပ်ငန်းများအပေါ်အခြေပြု၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် ခွင့်ပြုခဲ့သော စီမံကိန်းများအား ပြန်လည်သုံးသပ်စစ်ဆေးကာ ကတိကဝတ်နှင့် မညီညွတ်ပါက ခွင့်ပြုချက် ရပ်ဆိုင်းခြင်း၊ ထိုက်သင့်သော အရေးယူမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များ အတွက် အကျိုးရှိသော စီမံကိန်းသစ်များကို အကောင်အထည်ဖော်ခြင်း အားဖြင့် နိုင်ငံပိုင်အရင်းအမြစ်များအတွက် အမှန်တကယ်အကျိုးရှိလာစေရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၃ ရက်
## (၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၄၀၀ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်

ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်ကကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၀ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၂) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၁ ရက်၊

(၃) ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ ခွင့် ၁ ရက်၊

(၄) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊

(၅) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၅ ရက်၊

(၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်၊

(၇) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၈) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၇ ရက်၊

(၉) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၂ ရက်၊

(၁၀) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၁) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၂ ရက်၊

(၁၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊

(၁၃) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၁ ရက်၊

(၁၄) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျူဆန်မိုင် ခွင့် ၂ ရက်၊

(၁၅) ပင်းလောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၁၆) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၁၇) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊

(၁၈) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၂ ရက်နှင့်

(၁၉) ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမရခဲ့သော ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ဖင်းပြည်နယ်များအတွက် အထူးကင်းလွတ်ခွင့်ပေး၍ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ သန်လျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ် ဖြစ်ပါတယ်။ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆို နိုင်ငံတော်အစိုးရက နိုင်ငံတော်မှာ ရည်မှန်းချက်(၄)ရပ်ချမှတ်ပြီးတော့ ဆောင်ရွက်နေတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်ရဲ့မေးခွန်းက နိုင်ငံတော်ရဲ့ရည်မှန်းချက်(၄)ရပ်ထဲက နံပါတ်(၁)နှင့်(၂)နှင့်ပတ်သက်ပြီးတော့ မေးမြန်းထားခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ရည်မှန်းချက်(၁)က ဘာလဲဆိုလို့ရှိရင် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုဦးတည်ပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုဖြစ်လာရေး ဖြစ်ပါတယ်။ ဒီဖက်ဒရယ်ဆိုတဲ့စကားဟာ လက်တင်ဘာသာအဓိပ္ပာယ်အရဆိုရင် ယုံကြည်ရန် ဖြစ်ပါတယ်။ ဒီလိုယုံကြည်မှုဆိုတာက နိုင်ငံရေးဆိုင်ရာတန်းတူညီမျှမှု၊ စီးပွားရေးဆိုင်ရာတန်းတူညီမျှမှုနှင့် လူမှုရေးဆိုင်ရာတန်းတူညီမျှမှုတွေအပေါ်မှာ အခြေခံတဲ့ယုံကြည်မှုမျိုး ဖြစ်ပါတယ်။ ကျွန်တော်ရဲ့မေးခွန်းက ဒုတိယဖြစ်တဲ့ နိုင်ငံရေးဆိုင်ရာ တန်းတူညီမျှမှုနဲ့ သက်ဆိုင်ပါတယ်။ နောက်ထပ်ရည်မှန်းချက်ထဲမှာပဲ တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား ဘက်ညီမျှတစွာဖွံ့ဖြိုးတိုးတက်လာသည့် စီးပွားရေးအခြေအနေကောင်းများရရှိရေးဆောင်ရွက်ရန်ဆိုတဲ့ ရည်မှန်းချက်ဖြစ်ပါတယ်။ ထို့အတူပဲ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အမိန့်ကြော်ငြာစာအမှတ်(၂၅/၂၀၁၇)နဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်တွေဟာ ပြည်နယ်မှာရှိတဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို လုပ်ဆောင်တဲ့အခါမှာ လိုက်နာရမယ့်အမိန့်ကြော်ငြာစာရဲ့ ရည်ရွယ်ချက်အခန်း(၁)ကလည်းပဲ နိုင်ငံတော်ရဲ့ရည်မှန်းချက်အခန်း(၂)ကိုပဲ ရည်ရွယ်ချက်(၂)ကိုပဲ ပြန်ပြီးပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်မေးခွန်းက ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ရဲ့ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်တဲ့မေးခွန်းဖြစ်ပါတယ်။ လက်ရှိလည်းပဲ နိုင်ငံတော်အစိုးရက စီးပွားရေးဟန်ချက်ညီဖွံ့ဖြိုးဖို့အတွက် စီးပွားရေးမူဝါဒ(၁၂)ချက် ချမှတ်ထားပါတယ်။ ပြီးတော့ ဒီစီးပွားရေးမူဝါဒ(၁၂)ချက်ကို အခြေခံပြီး Plan to Budgeting နဲ့အလုပ်လုပ်နေတာ တွေ့ပါတယ်။ ထို့အတူပဲ သိပ်မကြာသေးခင်က MSDP လို့ခေါ်တဲ့ Myanmar Sustainable Development Plan ကိုလည်းချမှတ်ပြီး ဆောင်ရွက်နေတာကို သတိထားမိပါတယ်။ သို့သော်လည်းပဲ အခု ၂၀၁၇-၂၀၁၈ ခုနှစ်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစီရင်ခံစာမှာ ကယားပြည်နယ်နှင့် ချင်းပြည်နယ်ဟာဆိုလို့ရှိရင် ၁၉၈၈ ခုနှစ်ကနေ ဒီနေ့အထိ နှစ်ပေါင်း ၂၉ နှစ်အတွင်းမှာ ကယားပြည်နယ်ဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတစ်ခုသာရခဲ့တယ်။ ပြည်တွင်းနိုင်ငံသားရင်းနှီးမြှုပ်နှံမှုသုံးခုရခဲ့ပါတယ်။ ချင်းပြည်နယ်ကတော့ ပိုဆိုးပါတယ်။ ဒီ ၂၉ နှစ်လုံးလုံးအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတစ်ခုမှမရခဲ့သေးပါဘူး။ ၂၀၁၈ ဘဏ္ဍာရေးနှစ်အထိပေါ့။ အဲဒီအခါကျတော့ ကျွန်တော်တို့က နိုင်ငံတော်ရည်မှန်းချက်တွေကို ပြည့်မီ

**မူကြမ်း**

အောင်ဆောင်ရွက်ဖို့အတွက်ဆိုလို့ရှိရင် ကျွန်တော်တို့တာဝန်ယူနေတဲ့အချိန်၊ ဒီအစိုးရတာဝန်ယူနေတဲ့ ကာလအတွင်းမှာ အစွမ်းကုန်ကြိုးစားဖို့လိုအပ်တယ်လို့ ထင်မြင်ယူဆတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်ဒီမေးခွန်းကို မေးတာဖြစ်ပါတယ်။

ဒီမေးခွန်းကို ပြည်သူ့လွှတ်တော်မှာ မေးရတဲ့ရည်ရွယ်ချက်က တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရတွေက ဒေသအတွင်းရင်းနှီးမြှုပ်နှံမှုတွေကို လုပ်ဖို့၊ အမိန့်အရ တာဝန်ရှိသည့်မှန်သော်ငြား လည်းပဲ လက်ရှိကယားပြည်နယ်၊ ချင်းပြည်နယ်အခြေအနေကို သုံးသပ်ကြည့်မယ်ဆိုရင် လက်ရှိ ဥပဒေနှင့် ဒီအမိန့်ညွှန်ကြားချက်တွေက ပေးထားတဲ့ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်လောက်နဲ့ တော့ ဒီရင်းနှီးမြှုပ်နှံမှုတွေ တိုးပြီးရအောင်ဆောင်ရွက်ဖို့ မသေချာတော့ဘူး။ ဒါဆိုလို့ရှိရင် ပြည်ထောင်စုအဆင့်ရှိတဲ့ ကော်မရှင်ကနေပြီး ပူးပေါင်းဆောင်ရွက်မှုရှိမှသာလျှင် ဒီဟာကို မြှင့်တင် နိုင်မယ်လို့ထင်တဲ့အတွက်ကြောင့် ကျွန်တော်ဒီမေးခွန်းကို မေးခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းမေးရတဲ့ ကိစ္စမှာ ကျွန်တော်စိုးရိမ်ချက်တစ်ခုရှိပါတယ်။ အဲဒါက ဘာလဲဆိုရင် အစိုးရအဖွဲ့ဝင်တွေရော၊ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေရော ချင်းပြည်နယ်ကို ရောက်ဖူးကြပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်ကို သတိထားကြည့်ပါတယ်။ ချင်းပြည်နယ်မှာ အလုပ်လုပ်နိုင်တဲ့လူငယ်တွေ အင်မတန် နည်းပါးနေပါတယ်။ ဒါဟာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုနှင့် တိုက်ရိုက်သက်ဆိုင်နေတယ်။ ဒါကြောင့် ဒီစိုးရိမ်ချက်ကြောင့်မို့လည်း ကျွန်တော် ဒီမေးခွန်းမေးတာ ဖြစ်ပါတယ်။ နောက်ထပ် ရည်ရွယ်ချက်ကတော့ လက်ရှိလည်း ပြီးခဲ့တဲ့ကာလအတွင်းက Investment Forum လုပ်သွားတဲ့ အတွက်ကြောင့်မို့လို့ ပြည်နယ်တွေမှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံ တဲ့သူတွေ စိတ်ဝင်စားမှုမြင့်တက်နေတယ်ဆိုတာလည်း ကျွန်တော်တို့တွေ့ရပါတယ်။ သို့သော် ကျွန်တော် ဒါကို လွှတ်တော်အတွင်းကနေပြီး မေးမြန်းရတဲ့ရည်ရွယ်ချက်က ကျွန်တော်တို့ပြည်ထောင်စု အဆင့်ရှိတဲ့ လွှတ်တော်တွေ၊ ပြည်သူ့လွှတ်တော်တွေကလည်းပဲ တိုင်းဒေသကြီး၊ ပြည်နယ်မှာရှိတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို မေ့လျော့မထားဘူး။ အစိုးရအနေနဲ့လည်း ဒီမေးခွန်းတွေကို ဖြေတဲ့ အခါမှာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေဟာ ဒေသဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ရရှိအောင် ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို ဒီလွှတ်တော်ကနေတစ်ဆင့် ပြည်သူတွေ ကြားနာခွင့်ရအောင်လို့မို့လို့ ရည်ရွယ်ပြီးတော့ ဒီမေးခွန်းကိုမေးတာ ဖြစ်ပါတယ်။

အထူးသဖြင့် ကျွန်တော်အကြံပြုချင်တာက တခြားပြည်နယ်နှင့်တိုင်းဒေသကြီးတွေလိုမျိုး အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်လောက်နဲ့တော့ ရကောင်းရချင်မှရနိုင်တော့မှာဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဒီပြည်နယ်နှစ်ခု ပိုပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေ နိုင်ငံခြားကရော၊ ပြည်တွင်းရော များအောင် ဆောင်ရွက်ဖို့ဆိုရင်တော့ စောစောကကျွန်တော်တင်ပြသလိုပဲ ဒီထက်ပိုပြီးတော့ ပြည်ထောင်စုအစိုးရအနေနဲ့ အခွန်ကင်းလွတ်ခွင့်တွေ၊ သက်သာခွင့်တွေနဲ့ ဆွဲဆောင်မှုအတွက် ဘယ်လို Plan တွေချမှတ်ထားတယ်ဆိုတာကို သိချင်လို့ လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမရရှိခဲ့တဲ့ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ၎င်းပြည်နယ်များအတွက် အထူးကင်းလွတ်ခွင့်ပေး၍ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ၎င်းပြည်နယ်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရရှိလာအောင် မည်သို့စီမံချက်များချမှတ်၍ အရှိန်မြှင့်ဆောင်ရွက်မည်ကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဝင်ရောက်လာစေရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြင့် ဆွဲဆောင်မှုပြုခဲ့ရာမှာ ယခင်ရင်းနှီးမြှုပ်နှံမှုဥပဒေများအရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ တစ်ပြေးညီခံစားခွင့်ပြုခဲ့ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းကျင့်သုံးပြီးနောက်ပိုင်းမှာတော့ ဝင်ငွေခွန်ကင်းလွတ်ခွင့်နှစ်အနည်းအများကို ဒေသဖွံ့ဖြိုးမှုအပေါ်မူတည်၍သာ သတ်မှတ်ခံစားခွင့်ပြုခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၅ ပုဒ်မခွဲ(က)နဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၇)တို့အရ ကယားပြည်နယ်နဲ့ ချင်းပြည်နယ်တို့ရှိ မြို့နယ်အားလုံးမှာ ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်းများအနေဖြင့် စီးပွားဖြစ် စတင်သောနှစ်အပါအဝင်တစ်ဆက်တည်းခုနစ်နှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ခံစားခွင့်ရရှိမှာ ဖြစ်ပါတယ်။ အခြားဖွံ့ဖြိုးမှုအသင့်အတင့်ရှိသောဒေသများတွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် ငါးနှစ်ပဲရမှာဖြစ်ပြီးတော့ ဖွံ့ဖြိုးမှုရှိသောဒေသများမှာတော့ ဝင်ငွေခွန်ကင်းလွတ်ခွင့်သုံးနှစ်စီသာ ခံစားခွင့်ပြုသောကြောင့် အခြားဒေသများထက် ကယားပြည်နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နယ်များတွင် ဝင်ငွေခွန်ကင်းလွတ်ခွင့်အား ပိုမိုပေးထားပါတယ်ခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများဟာ နှစ်ရှည်မြေ သို့မဟုတ် အဆောက်အအုံအသုံးပြုခွင့် ကနဦး နှစ် ၅၀ နှင့် သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ် စုစုပေါင်း နှစ် ၇၀ ရရှိမှာဖြစ်ပါတယ်။ နိုင်ငံခြားသားရင်းနှီး မြှုပ်နှံသူများအတွက် နှစ်ရှည်မြေအသုံးပြုခွင့်ဟာလည်း အဓိကအရေးပါတဲ့ဆွဲဆောင်မှုတစ်ရပ် ဖြစ်တာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၀ ပုဒ်မခွဲ(စ)အရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နည်းပါးပြီး ဆက်သွယ်သွားလာရေးခက်ခဲသောနေရာများမှာ မြေအသုံးပြုခွင့်ကာလကို နှစ် ၇၀ ထက်ပိုမို၍ အသုံးပြုခွင့်ရရှိရေး ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နှင့်ခွင့်ပြုနိုင်ကြောင်းကိုလည်း ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့သည် အဆိုပါပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်ခြင်းဖြစ်သောကြောင့် နှစ်ရှည်မြေငှားရမ်းခွင့်ကိုလည်း အထူးအခွင့် အရေးအနေနဲ့ ရရှိနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖွံ့ဖြိုးမှုနှေးကွေးတဲ့နေရာများမှာ ပိုမိုသာလွန်သော အခွင့်အရေးများ ပေးထားခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိပါတယ်။ ဒါ့အပြင် ရင်းနှီးမြှုပ်နှံမှုဖိုရမ်များ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲ

များနှင့် အများပြည်သူတို့ ဥပဒေပိုင်းဆိုင်ရာ အသိပညာပေးပွဲများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ကျင်းပပြုလုပ်လျက်ရှိပါတယ်။ ကယားပြည်နယ်မှာ ကျင်းပခဲ့တဲ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်ရဲ့ အကျိုးဆက်အနေနဲ့ ၂၀၁၈ ခုနှစ် မေလကစတင်ပြီးတော့ ယနေ့အထိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ မြန်မာကျပ်ငွေသိန်း ၁၂၀၀၀ ကိုခွင့်ပြု ပေးနိုင်ခဲ့ပါတယ်။ ထို့အပြင် ကယားပြည်နယ်အတွင်းမှာလည်း ရင်းနှီးမြှုပ်နှံလိုတဲ့ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များမှလည်း လေ့လာမှုများ၊ တင်ပြမှုများရှိနေပြီး ဆက်လက်ခွင့်ပြုပေးသွားမည် ဖြစ်ပါတယ်။ အလားတူ ချင်းပြည်နယ်မှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုပြပွဲကိုလည်း ၂၀၁၉ ခုနှစ် မတ်လမှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။ ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုဖိုရမ်များ၊ ပြပွဲများကို စဉ်ဆက်မပြတ် ဆက်လက်ကျင်းပ၍ ရင်းနှီးမြှုပ်နှံမှုများအားလည်း ဖိတ်ခေါ်ဆွဲဆောင်သွားမည်ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးပြောတဲ့အထဲမှာ ဘာပါလဲဆိုတော့ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်တဲ့ Incentive များပေးခြင်းဟာ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုပြီးတော့ ဆွဲဆောင်နိုင်မှာဖြစ်ပေမဲ့ ဒီ Incentive များထက် ပိုမိုပြီးတော့ ပေးသင့်တယ်ဆိုပြီးတော့ ကိုယ်စားလှယ်ကြီးကနေ ဆွေးနွေးသွားတာ ဖြစ်ပါ တယ်။ နိုင်ငံတကာမှာလည်း ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်တဲ့အခါမှာ Incentive တစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ ဒါပေမဲ့ Incentive ပေးထာထက် ပိုပြီးတော့၊ Tax Incentive ပေးတာထက် ပိုပြီးတော့ ဆွဲဆောင်ဖို့လို့ကတော့ အဓိကအရေးကြီးဆုံးက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်းကျင်ကို ကောင်းမွန်အောင်ဆောင်ရွက်ဖို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ခေါ်တာကတော့ Favourable Investment Climate ကို ဖြစ်အောင်လို့ ဆောင်ရွက်တာပဲ ဖြစ်ပါတယ်။ Favourable Investment Climate ကို ဆောင်ရွက်တဲ့အခါမှာ အဓိကနှစ်ပိုင်းရှိပါတယ်။ ဒါကိုတော့ Investment ဆိုင်ရာ Eco System လို့ ခေါ်ပါတယ်။ ဒီ Investment ဆိုင်ရာ Eco System မှာ Hard Infrastructure တွေ ပြည့်စုံဖို့လိုပါ တယ်။ Soft Infrastructure တွေ ပြည်စုံဖို့လိုပါတယ်။ ဒီ Hard Infrastructure ပိုင်းမှာတော့ Hard Connectivity တွေ၊ Soft Connectivity တွေ ပြန်ပြီးတော့ခွဲပြီးတော့ ဆောင်ရွက်ဖို့လိုအပ်မှာဖြစ်ပါ တယ်။ အဲဒါကြောင့်မို့လို့ Favourable Investment Climate ဟာ Incentive၊ Tax Incentive ပေးတာထက် အများကြီးရင်းနှီးမြှုပ်နှံမှု နိုင်ငံတကာမှာပိုပြီးတော့ ဆွဲဆောင်နိုင်တာဖြစ်တာဖြစ်တဲ့အတွက် Favourable Investment Climate ရအောင်လို့ Hard Infrastructure ပိုမိုကောင်းမွန်အောင်လို့၊ Soft Infrastructure တွေ ကောင်းမွန်အောင်လို့၊ Connectivity တွေ ကောင်းမွန်အောင် လို့လည်း MSDP လို့ခေါ်တဲ့ Myanmar Sustainable Development Plan မှာ အားလုံးဆွဲထား ပြီးဖြစ်ပါတယ်။ ပြီးတော့ MSDP ဆိုတဲ့ Myanmar Sustainable Development Plan ဟာလည်း Policy Direction တစ်ခုအနေဖြင့် ဆွဲပြီးတော့ ထားတာမဟုတ်ဘဲနဲ့ အမှန်တကယ်ဆောင်ရွက်နိုင် အောင်လို့၊ Implement လုပ်နိုင်အောင်လို့ Project Bank ဆိုင်ရာညွှန်ကြားချက်ကလည်း အားလုံး ထုတ်ထားပြီးဖြစ်ပါတယ်။ ဒီ Project Bank ဆိုင်ရာညွှန်ကြားချက်အရ PPP လို့ခေါ်တဲ့ Private Public Partnership ဆိုတဲ့ စီမံကိန်းတွေကို သက်ဆိုင်ရာဌာနတွေကနေ ဖော်ထုတ်ရမှာဖြစ်ပါတယ်။ နောက်ပြီးတော့ တိုင်းဒေသကြီးအစိုးရတွေ ကလည်း ဒီ PPP စီမံကိန်းတွေကို ဖော်ထုတ်ပြီးတော့ Project Bank ထဲမှာ ထည့်ပြီးတော့

ပွင့်လင်းမြင်သာစွာ Transparently ပွင့်လင်းမြင်သာစွာနဲ့ Competitive Tender တွေခေါ်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့ အခါမှာလည်း PPP လုပ်ငန်းတွေက၊ PPP စီမံကိန်းတွေက PP Payable ဖြစ်စေဖို့၊ နောက် Bankable ဖြစ်စေဖို့ကိုလည်း ထပ်မံပြီးတော့ နိုင်ငံတော်အနေနဲ့ ထောက်ပံ့မှုအစီအစဉ်များကိုလည်း Project Bank ဆိုင်ရာပြဋ္ဌာန်းချက်မှာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဆက်လက်ပြီးတော့ Tax Incentive တွေမကဘဲနဲ့ Investment Eco System တစ်ခုလုံးကို Favourable Investment Climate ဖြစ်ဖို့လို့၊ Facilitate ဖြစ်ဖို့လို့၊ နောက်ပြီးတော့ Friendly ဖြစ်ဖို့လို့နဲ့ နောက်ပြီးတော့ Predictable Environment တစ်ခုဖြစ်ဖို့လို့လည်း ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များအနေနဲ့လည်း ကယားပြည်နယ်အတွင်းဆောင်ရွက်နိုင်တဲ့ ရင်းနှီး မြှုပ်နှံမှုအခွင့်အလမ်းတွေကို ပိုမိုပြီးတော့သိရှိရင်းနှီးမြှုပ်နှံနိုင်အောင်လို့လည်း ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းလေ့လာမှုအစီရင်ခံစာကို ၂၀၁၈ ခုနှစ် မတ်လတွင်ထုတ်ဝေခဲ့ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးရဲ့ Website မှာလည်း အများပြည်သူလေ့လာသိရှိနိုင်ရန် ဖိတ်ခေါ်ဖော်ပြထားတဲ့အတွက် အဆိုပါဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဝင်ရောက်လာစေရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ကော့သောင်းမြို့တွင် မော်တော်ယာဉ်ရပ်နားသည့်စခန်း တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ကော့သောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်း မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကော့သောင်းမြို့မှာ မော်တော်ယာဉ်ရပ်နားစခန်းတိုးချဲ့ရန်အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော့သောင်းမြို့မှာ မော်တော်ယာဉ်ရပ်နားစခန်းကို သီရိမြိုင်ရပ်ကွက်မှာထားရှိပြီးတော့ အကျယ်အဝန်းအားဖြင့် ၁.၁၈ ဧက ဖြစ်ပါတယ်။ ဒီနေရာက စည်ပင်ပိုင်တဲ့မြေနေရာဖြစ်ပါတယ်။ ကော့သောင်းမြို့မှာ မော်တော်ယာဉ်အသင်း ယာဉ် ၂၄ စင်းရှိပြီးတော့ အသင်းဝင်မော်တော်ယာဉ်စီးရေဟာ ၁၁၂၀ ကျော်ရှိပါတယ်။ ဒေသခံမော်တော်ယာဉ်စီးရေဟာ ၅၂ စီးရှိပြီးတော့ ကျန်မော်တော်ယာဉ်များက တခြားမြို့ကနေပြီးတော့ အသင်းဝင်ပြေးဆွဲတဲ့မော်တော်ယာဉ်များဖြစ်ပါတယ်။ အဲဒီလိုပြေးဆွဲတဲ့မော်တော်ယာဉ်များရဲ့ သုံးပုံတစ်ပုံဟာ လူ ၁၂ ယောက်စီးတဲ့မော်တော်ယာဉ်ငယ်များသာ ဖြစ်ပါတယ်။ အသင်းဝင်မော်တော်ယာဉ်များဟာ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မော်လမြိုင်မြို့၊ ရန်ကုန်မြို့ကို ပြေးဆွဲတာဖြစ်ပါတယ်။

လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ကော့သောင်းမြို့ကနေပြီးတော့ ကျေးရွာများကို တစ်ရက်ကို မော်တော်ယာဉ် ၂၄ စီး ထွက်တာဖြစ်ပြီးတော့ ကျေးရွာယာဉ်ရပ်နားစခန်းကို ယာယီအားဖြင့် အဏ္ဏဝါရပ်ကွက်၊ မြို့မဈေးအနီးမှာ ထားရှိတာကို အကျည်းတန်စွာတွေ့နေရပါတယ်။ လက်ရှိယာဉ်ရပ်နားစခန်းက လွန်စွာကျဉ်းမြောင်းတဲ့အတွက် ညအိပ်ရပ်နားတဲ့မော်တော်ယာဉ်များအတွက် မလုံမလောက်ဖြစ်နေပါတယ်။ တချို့မော်တော်ယာဉ်ငယ်များဟာ လမ်းဘေးမှာ ညအိပ်ရပ်နားနေတာကို တွေ့ရပါတယ်။

လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော့သောင်းမြို့ပေါ်ရှိလမ်းဟာ ပေအားဖြင့် ၂၃ ပေ၊ မီတာအားဖြင့် ခုနစ်မီတာသာကျယ်ပါတယ်။ ယခုအခါ ကော့သောင်းမြို့မှာ မော်တော်ယာဉ်စီးရေနဲ့ အိမ်စီးဆိုင်ကယ်တွေများပြားလာတဲ့အတွက် ကော့သောင်းမြို့အတွက် ယာဉ်အန္တရာယ်ဖြစ်ပွားမှာ စိုးရိမ်နေရပါတယ်။ ကော့သောင်းမြို့ဟာ ယခုအချိန် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စပြုနေပြီဖြစ်တဲ့အတွက် နိုင်ငံခြားခရီးသွားများကတောင် ဝင်/ထွက်သွားလာနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့ မြို့အင်္ဂါရပ်နှင့်အညီ မော်တော်ယာဉ်ရပ်နားစခန်းကို တိုးချဲ့ရန် လိုအပ်လျက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့ ကော့သောင်းမြို့ဟာ မြို့အင်္ဂါရပ်နှင့်အညီ မော်တော်ယာဉ်ရပ်နားစခန်းတိုးချဲ့ရန် အစီအစဉ်ရှိ/မရှိနှင့် တိုးချဲ့ရန်အစီအစဉ်ရှိမယ်ဆိုလို့ရှိရင် မည်သည့်ကာလမှာ တိုးချဲ့မည်ဖြစ်ကြောင်းကို မဲဆန္ဒရှင်များရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသောဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော် ကောင်စီ၊ ကောင်စီဝင် ဦးညီထွန်း ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ရဲ့ ကော့သောင်းမြို့တွင် မော်တော်ယာဉ်ရပ်နားသည့် စခန်းတိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေကြားထားတဲ့ဖြေကြားချက်အပေါ်မှာ ကိုယ်စားဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ကော့သောင်းမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းအား ၂၀၁၈ ခုနှစ် မတ်လမှစ၍ သီရိမြိုင်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် ဆင်ဖြူရှင်လမ်းဆုံရှိ မြေဧရိယာ ၁.၂၈ ဧကကို စည်ပင်သာယာရေးအဖွဲ့ပိုင်မြေအဖြစ် သတ်မှတ် ဆောင်ရွက်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင် ဦးကျော်မျိုး၊ မှတ်ပုံတင်အမှတ်၊ ၆/ကသန(နိုင်)၀၀၄၈၄၄ မှ ၎င်း၏ရင်းနှီးမြှုပ်နှံစိုက်ထုတ်ငွေကျပ် ၅၅၉ သိန်းဖြင့်တည်ဆောက်၍ အဝေးပြေးယာဉ်ရပ်နားစခန်းကို လုပ်ငန်းတစ်ရပ်အနေဖြင့် စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ပါသည်။

**မူကြမ်း**

အဆိုပါ သီရိမြိုင်ရပ်ကွက် ယာဉ်ရပ်နားစခန်းတွင် စတင်ဆောင်ရွက်စဉ်ကာလက အဝေးပြေး ယာဉ်ကြီးလိုင်းငါးလိုင်းခန့်သာရှိပြီး ၂၀၁၀ ခုနှစ်မှစ၍ လမ်းပန်းဆက်သွယ်သွားလာရေးတိုးတက် ကောင်းမွန်လာသဖြင့် ယာဉ်လိုင်းများ တိုးမြှင့်ပြေးဆွဲလာရာ ၂၀၁၈ ခုနှစ်တွင် ယာဉ်ကြီးလိုင်း ၁၀ လိုင်းအထိ တိုးမြှင့်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှစတင်၍ ယာဉ်ကြီးလိုင်းများအပြင် ယာဉ်ငယ်လိုင်းများ တိုးချဲ့ပြေးဆွဲခွင့်ပေးခဲ့သဖြင့် ယာဉ်ရပ်နားရန်နေရာလုံလောက်မှုမရှိဘဲ ယာဉ်ရပ်နားစခန်း ပြင်ပနေရာ များတွင် ရပ်နားဆောင်ရွက်လျက်ရှိသဖြင့် တိုင်းဒေသကြီးလုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ယာဉ်အန္တရာယ်မရှိစေရေး ကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။

ကော့သောင်းမြို့နယ်တွင် ယာဉ်ရပ်နားစခန်းတိုးချဲ့ဆောင်ရွက်နိုင်ရန် လုံလောက်သော မြေနေရာမရှိပါသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ယာဉ်ရပ်နားစခန်းကို တိုးချဲ့ရန် မရှိသေးပါကြောင်းနှင့် တိုးပွားလာသည့် ယာဉ်လိုင်းများအတွက် လုံလောက်သောယာဉ်ရပ်နားစခန်း ပေါ်ပေါက်လာစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ ခေတ်မီယာဉ်ရပ်နားစခန်း တစ်ခု တည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြအပ်ပါတယ်။

**စည်ပင်သာယာရေးဈေးများ၏ ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးဈေးဆိုင်တန်းများ သန့်ရှင်းရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများနှင့် သန့်ရှင်းသောဈေးများဖြစ်ပေါ်လာအောင် မည်ကဲ့သို့ စီစဉ်ဆောင်ရွက် သွားမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ စည်ပင်သာယာရေးဈေးများမှာ ရောင်းချနေတဲ့ ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးဈေး တန်းများရဲ့ သန့်ရှင်းရေးဆိုင်ရာဆောင်ရွက်ချက်နဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာရှိတဲ့ ဈေးများအားလုံးနီးပါးဟာ အလှကုန်ပစ္စည်းတွေ၊ အထည်အလိပ်တွေ၊ ကုန်ခြောက်ပစ္စည်းတွေနဲ့ သား၊ ငါးနဲ့ ဟင်းသီးဟင်းရွက်ဈေးတန်းများကို နေရာ ခွဲခြားပြီးတော့ ပူးပေါင်းရောင်းချနေတဲ့ ဈေးတွေကများပါတယ်။ သီးသန့်ရောင်းချတဲ့ဈေးတွေကတော့ တော်တော်လေးကို နည်းနေတာဖြစ်ပါတယ်။ အထူးသဖြင့်တော့ ဟင်းသီးဟင်းရွက်နဲ့ သား၊ ငါး ဆိုင်တန်းများနဲ့ပတ်သက်ပြီးတော့ စနစ်တကျနဲ့တည်ဆောက်ပေးထားတဲ့ဈေးဆိုင်ခန်းများရှိသလို အများစုကတော့ တိုးချဲ့ဈေးဆိုင်ခန်းတွေ၊ လမ်းဘေးမှာ မြေကြီးပေါ်မှာချရောင်းတဲ့ဆိုင်ခန်းတွေ၊ ဟင်းသီးဟင်းရွက်တွေရော၊ သား၊ ငါးတွေရော ဒါတွေကိုလည်း ကျွန်တော်တို့ တွေ့နေရတာဖြစ်ပါ

တယ်။ ဒီဈေးဆိုင်ခန်းတွေအားလုံးနဲ့ပတ်သက်ပြီးတော့ နိုင်ငံတကာမှာတော့ ရေကိုအဓိကသုံးစွဲရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ Wet Market လို့ ခေါ်တာဖြစ်ပါတယ်။ ဒီဈေးများဟာ ကျွန်တော်တို့ပြည်သူများရဲ့ အဓိကအားထားရာဈေးဖြစ်ပါတယ်။ ပြည်သူများရဲ့အာဟာရနဲ့ ကျန်းမာရေးအတွက် အရေးကြီးစားသောက်ရမယ့် ပစ္စည်းများကိုရောင်းချနေတဲ့ ဈေးဆိုင်များမှာ ပတ်ဝန်းကျင်သန့်ရှင်းရေးအခြေအနေ၊ စားသောက်ကုန်များရဲ့ သန့်ရှင်းရေးအခြေအနေများကို ကျွန်တော်တို့ ပြုပြင်ပြောင်းလဲဖို့အများကြီးလိုအပ်နေတာကိုလည်း တွေ့ရှိရတာဖြစ်ပါတယ်။

Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျ။ ဒါကတော့ ဖွံ့ဖြိုးတိုးတက်နေတဲ့ဒေသတစ်ခုမှာရှိတဲ့ဈေးတစ်ခုရဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးအခြေအနေကို သိသာရန်အတွက် ကျွန်တော်တင်ပြခြင်းသာဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ဈေးတစ်ခုမှာရှိတဲ့အခြေအနေကို ကျွန်တော်တို့မှန်းဆလို့ရပါတယ်။ ဟိုးဘက်ဒေါင့်က ခပ်ဝေးဝေးလေးကတော့ အမှိုက်ပုံပါ။ ဒီမှာလည်း ထူးခြားတာတစ်ခုကတော့ အမှိုက်ပုံမှာ ပလတ်စတစ်ပစ္စည်းတွေချည်းပဲ၊ ကွပ်ကွပ်အိတ်တွေချည်းပဲ ကျွန်တော်တို့ တွေ့နေရတယ်ဆိုတာကိုလည်း ဒီမှာတင်ပြလိုချင်ခြင်းဖြစ်ပါတယ်။ ဒါက အမှိုက်ပုံပါ။ ခတ်ပုံမရိုက်ခင်လေးခင် တော်တော်သိမ်းသွားတာပါ။ သို့သော်လည်းပဲ အများကြီးကျန်နေသေးတာကိုလည်း ဒီမှာတွေ့ရပါတယ်။ ရေမရှိတဲ့အတွက် ဈေးသည်တွေအနေနဲ့ သား၊ ငါးရောင်းတဲ့ဈေးသည်တွေအနေနဲ့ ကိုယ့်ပုံးလေးနဲ့ကိုယ်ချပြီးတော့ ရောင်းနေရတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကတော့ ဈေးများနဲ့ပတ်သက်ပြီးတော့ ကျွန်တော် Health Food Market ဆိုတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ လမ်းညွှန်ချက်စာစောင်ဖြစ်ပါတယ်။ ကျွန်တော်တို့စည်ပင်သာယာရေးဈေးများဟာ သား၊ ငါးဈေးတန်းသန့်ရှင်းမှုအခြေအနေများကို သိရှိနိုင်ဖို့အတွက်သာ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ တော်တော်များများဟာ ဒီ့ထက်အများကြီးဆိုးနေတဲ့အခြေအနေတွေရှိနေတာပဲဖြစ်ပါတယ်။ ပုံမှာရှိနေတဲ့အခြေအနေများအပြင်ကို ဒီသား၊ ငါးဈေးတန်း၊ ဟင်းသီးဟင်းရွက်ဈေးတန်းတွေကြားထဲမှာ စားသောက်ဆိုင်တွေလည်း အများကြီးပါဝင်ရောင်းချနေတာ တွေ့ရပါတယ်။ မုန့်ဟင်းခါးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ လက်သုပ်ဆိုင်စသည်ဖြင့်ကျန်းမာရေးအတွက် အခက်အခဲဖြစ်စေမယ့်၊ ပြဿနာဖြစ်စေမယ့် စားသောက်ကုန်တွေနဲ့ အတူတူရောထွေးပြီးတော့ ရောင်းချနေတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေးနဲ့ညီညွတ်တဲ့အစားအသောက်များရရှိဖို့အတွက် ဟင်းသီးဟင်းရွက်နဲ့ သား၊ ငါးဈေးဆိုင်တန်းများကို သန့်ရှင်းမှုရှိရေးစီမံဆောင်ရွက်ထားရှိမှုများကို အားဖြည့်ဆောင်ရွက်ဖို့လည်း အများကြီးလိုနေသေးတယ်ဆိုတာကို ဒါလေးကို နမူနာအနေနဲ့ ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာအဓိကအားဖြင့်တော့ အဆောက်အဦရယ်၊ ရေရယ်၊ အမှိုက်စွန့်ပစ်တဲ့စနစ်ရယ် ဒါအဓိကကျတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါ့အပြင် စည်ပင်သာယာရေးဈေးများမှ ကြီးကြပ်တဲ့အခါမှာ အထူးသဖြင့်တော့ မြို့တော်စည်ပင်သာယာရေးသုံးခုဖြစ်တဲ့ ရန်ကုန်မြို့၊ မန္တလေးမြို့နဲ့ နေပြည်တော်မှာမှ စည်ပင်သာယာရေးကော်မတီများမှာဆိုရင် အဖွဲ့အစည်းအကြီးကြီးတွေဖြစ်တဲ့ ကျန်းမာရေးဌာန၊ သားငါးဌာနစသည်ဖြင့်ဒီလိုဌာနတွေရှိပေမဲ့ မြို့နယ်တွေမှာဆိုရင်တော့ ဒီလိုဌာနတွေမရှိပါဘူး။ ဒီဌာနတွေအားလုံးရဲ့ သန့်ရှင်းရေးအတွက်ကို ပြည်သူ့ကျန်းမာရေးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကုသရေးဦးစီးဌာနများနဲ့ ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ သို့သော် ပူးပေါင်းဆောင်ရွက်မှုများဟာလည်း မရှိသလောက်ကို

နည်းပါးနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီနေ့မေးချင်တဲ့မေးခွန်းမှာ သား၊ ငါး ဈေးဆိုင်တန်းများရဲ့ သန့်ရှင်းသပ်ရပ်မှုနဲ့ပတ်သက်ပြီးတော့ အခြေခံအဆောက်အဦများနည်းပါးမှုကို ပြင်ဆင်ဖို့၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာအရေးပါမှုအသိပညာပေးမှုတို့ကို ဆောင်ရွက်ဖို့၊ လုပ်ငန်းဟူသမျှကို တာဝန်ယူမှု၊ တာဝန်ခံမှုများနဲ့ ဆောင်ရွက်ပြီးတော့ ဈေးသည်များရဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကိုလည်း အထူးအရေးပါအောင် ဆောင်ရွက်ဖို့အတွက် လိုအပ်နေတယ်ဆိုတဲ့အကြောင်း စီစဉ်ဆောင်ရွက်ထားရှိမှုများကို သိရှိလိုတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း၏ စည်ပင်သာယာဈေးများ၏ ဟင်းသီးဟင်းရွက်နှင့် သားငါးဈေးဆိုင်တန်းများ သန့်ရှင်းရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများနှင့် ထိုသို့ဆောင်ရွက်ရာမှာ ရေရရှိရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်စုပုံနေရာ၊ အမှိုက်စွန့်ပစ်မည့်နေရာ၊ ဈေးသည်များ၏ တာဝန်ယူမှု၊ တာဝန်ခံမှု၊ စီမံခန့်ခွဲသူများ၏ တာဝန်သိမှုစသည့်အချက်များစွာ ပါဝင်မှာဖြစ်သည့်အတွက် သန့်ရှင်းသောဈေးများဖြစ်လာအောင် မည်ကဲ့သို့စီစဉ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ဖြေကြားချက်ဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်စည်ပင်သာယာရေးကော်မတီများ၊ အစိုးရအဖွဲ့များက ဖြေကြားချက်များနဲ့ အထူးသဖြင့် နေပြည်တော်စည်ပင်ရဲ့ တင်ပြဖြေကြားချက်များ၊ လုပ်ဆောင်နေချက်များ၊ ချမှတ်ထားသောမူဝါဒများကို ပေါင်းစပ်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ မြို့နယ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ အဖွဲ့ပိုင်ဈေးများရှိဈေးများတွင် ကုန်စိမ်း၊ ကုန်ခြောက်၊ သား၊ ငါးဆိုင်ခန်းများအတွက် ကွန်ကရစ်ခင်း၊ တိုင်ထောင်သွပ်မိုး၊ ဈေးရုံအဆောက်အဦအတွင်း ဟင်းသီးဟင်းရွက်နှင့်သား၊ ငါးဈေးဆိုင်တန်းများအတွက် (၆ ပေ x ၄ ပေ)၊ (၆ ပေ x ၆ ပေ)နှင့် (၉ ပေ x ၉ ပေ) ဈေးအုတ်ခုံများဖြင့် ဆောင်ရွက်ထားရှိစေပါတယ်။ အမှိုက်သိမ်းဆည်းမှုနှင့်ပတ်သက်ပြီးတော့ ဈေးဆိုင်အသီးသီးတွင် အမှိုက်ပုံးများထားရှိစေပြီး ဈေးပိတ်သိမ်းချိန်တွင် ဈေးသန့်ရှင်းရေးလုပ်သားများဖြင့် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ထွက်ရှိလာသည့်အမှိုက်များအား စုစည်း၍ အဖွဲ့ပိုင်အမှိုက်သိမ်းယာဉ်များဖြင့် သိမ်းဆည်းခြင်း၊ ဈေးအနီးပတ်ဝန်းကျင်များတွင် အမှိုက်ကန်များထားရှိ၍ စနစ်တကျစွန့်ပစ်စေခြင်း၊ ဈေးသည်တစ်ဦးချင်းစီမှ အိတ်ဖြင့် အမှိုက်အမျိုးအစားခွဲခြား၍ သိမ်းဆည်းစွန့်ပစ်သည့်စနစ်ကို ကျင့်သုံးစေကာ အမှိုက်အမျိုးအစားအလိုက် သတ်မှတ်ထားတဲ့ အမှိုက်ကန်များတွင် စွန့်ပစ်စေရေး ဈေးသည်များအား တာဝန်ယူဆောင်ရွက်စေခြင်း၊ ဈေးသူဈေးသားများအား အစည်းအဝေးများခေါ်ယူပြီး ဈေးသန့်ရှင်းလှပစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်နိုင်ရန် နားလည်သဘောပေါက်အောင် ချပြရှင်းလင်းဆွေးနွေးစည်းရုံးခြင်းများ ဆောင်ရွက်စေလျက်ရှိပါတယ်။ ဈေးများအတွင်းမှာ ရေစီး

**မူကြမ်း**

ရေလာကောင်းမွန်စေရေးအတွက် ဈေးများတည်ဆောက်စဉ်ကပင် ရေမြောင်းစနစ်ကို စနစ်တကျ ထည့်သွင်းတည်ဆောက်ထားပြီး အဝီစိတွင်းများ၊ ရေတွင်း၊ လက်နှိပ်တုံကင်တွင်းများတူးဖော်ပြီး ၎င်းတွင်းမှရေများကို လျှပ်စစ်မော်တာ သို့မဟုတ် အင်ဂျင်များအသုံးပြုပြီး အမြင့်တင်ရေစင် မြေအောက်ရေကန်၊ အုတ်ရေကန်များသို့ ရေသိုလှောင်ထားပြီး ၎င်းရေများကိုရယူသုံးစွဲ၍ နေ့စဉ်သား၊ ငါးကန်များအား ရေဆေးသန့်ရှင်းဆောင်ရွက်စေခြင်း၊ မိုးရာသီမကျရောက်မီ ဈေးအတွင်းရေမြောင်း များအား ဈေးကော်မတီဝင်များ၊ ဈေးသူဈေးသားများပူးပေါင်း၍ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အပတ်စဉ်ဈေးပိတ်ရက်များတွင် တူးဖော်ရှင်းလင်းခြင်း၊ ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးတန်းများ အနံ့အသက်ကင်းစင်စေရေး၊ ပိုးမွှားများမပေါက်နိုင်စေရေးအတွက် ဆေးဖြန်းခြင်း၊ ထုံးဖြူးခြင်းနှင့် ရေဆေးခြင်းလုပ်ငန်းများအား ဆောင်ရွက်စေလျက်ရှိပါသည်။ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်ကုန်များရောင်းချနိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့နှင့်ပေါင်းစပ်၍ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ အစားအသောက် များတွင်ပါဝင်သော၊ စားသုံးရန်မသင့်သော ခွင့်မပြုဆိုးဆေးများပါဝင်ခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ ဟင်းသီးဟင်းသီးရွက်များတွင် E-Coli ပိုးများပါဝင်မှုရှိ/မရှိ၊ ပဲပြားများတွင် တာရှည်ခံဆေးများ အသုံးပြုထားခြင်းရှိ/မရှိ ရှောင်တခင်စစ်ဆေးခြင်းများကို ဆောင်ရွက်ပြီးတော့ သက်ဆိုင်ရာအစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ပေးပို့စစ်ဆေးလျက် ဆောင်ရွက်စေလျက်ရှိပါတယ်။ ခွင့်မပြုဓာတုဆိုးဆေးကင်းစင်သော ဈေးများပေါ်ထွန်းစေရေးအတွက် စီမံချက်များရေးဆွဲပြီး အောက်ပါရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ (က) ပြည်သူ လူထုစားသုံးနေသော အစားအသောက်များ ဘေးကင်းလုံခြုံစိတ်ချရစေရန်၊ (ခ) တိုင်းဒေသကြီး/ ပြည်နယ်များတွင် ခွင့်မပြုဆိုးဆေးအသုံးပြုမှုများအား ပပျောက်စေရန်၊ (ဂ) ထုတ်လုပ်သူများ ရောင်းချသူများသည် အမျိုးသားအစားအသောက်ဥပဒေ၊ စည်ပင်သာယာရေးဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် စည်းကမ်းဖောက်ဖျက်သူများကို ထိရောက်ဟန့်တားစေသော ပြစ်ဒဏ်များဖြင့် ကွပ်ကဲကြပ်မတ်ရန်၊ (ဃ) စားသုံးသူလုပ်သားပြည်သူများသည် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးစစ်မှန်ကောင်းမွန်သော စားသောက်ကုန်များကို ရွေးချယ်စားသောက်နိုင်ရန်အတွက် ပညာပေးခြင်း၊ လေ့ကျင့်ပေးခြင်းများကို သင်တန်းများ၊ သတင်းစာစောင်များ၊ သတင်းမီဒီယာများ၊ ဟောပွဲများစသဖြင့် နည်းလမ်းများဖြင့် ဆောင်ရွက်ရန်ဖြစ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၂၄ ပုဒ်မခွဲ(င-၁)တွင် စည်ပင်သာယာရေးဈေးအဖွဲ့ ပိုင်ဈေးများတည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းစသည့် ဈေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့်လုပ်ငန်းများကို စီမံခန့်ခွဲခြင်းဆောင်ရွက်ရန် ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ စည်ပင် သာယာရေးအဖွဲ့များဥပဒေနှင့်အညီ အဖွဲ့ပိုင်ဈေးများ၊ ကိုယ်ပိုင်ဈေးများ၊ ကွဲ၊ နွား၊ တိရစ္ဆာန်ဈေးများ နှင့် လမ်းဘေးဈေးများဆိုင်ရာနည်းဥပဒေများ၊ အဖွဲ့ဈေးများတွင် ကျန်းမာသန့်ရှင်းမှု၊ လုံခြုံမှုနှင့် အုပ်ချုပ်မှုဆိုင်ရာစည်းကမ်းများ(By Law)များကို ရေးဆွဲပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အမြဲတမ်း ဆိုင်ခန်းများ၊ ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးဈေးဆိုင်တန်းများ သန့်ရှင်းရေးအတွက်လည်း လိုက်နာရ မည့်စည်းကမ်းများကို သတ်မှတ်ထားရှိပြီးဖြစ်ပါတယ်။ သို့ပါ၍ သက်ဆိုင်ရာစည်ပင်သာယာရေး

ကော်မတီများအနေဖြင့် တာဝန်ယူ၍ သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့်ညှိနှိုင်းပြီး ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနဲ့ပူးပေါင်းပါဝင်စေလျက် ဈေးသည်များ ဈေးစည်းကမ်းနှင့်အညီ ဖွင့်လှစ်ရောင်းချပြီး သန့်ရှင်းလတ်ဆတ်သော ကျန်းမာရေးနှင့်ညီညွတ်သည့် ရောင်းကုန်ပစ္စည်းများဖြစ်စေရေး စစ်ဆေးကြီးကြပ်ဆောင်ရွက်ခြင်း၊ စည်းကမ်းအတိုင်းလိုက်နာဆောင်ရွက်စေရန် ကြပ်မတ် လုပ်ဆောင်ခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ ဖြေကြားချက်အပေါ် ပေါင်းစပ်၍ညှိနှိုင်းဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျ။ ဒါကတော့ စာအုပ်ထဲမှာရေးထားတဲ့ကိစ္စတွေကို ဖြေကြားခြင်းသာဖြစ်ပါတယ်။ လက်တွေ့ ကျွန်တော်တို့ သား၊ ငါးနဲ့ဈေးဆိုင်တန်းတွေကို တစ်ခါလောက်များရောက်ဖူးပါသလားလို့ ကျွန်တော့်အနေနဲ့ မေးလိုပါတယ်။ သွားပြီးတော့လည်း ကြည့်စေချင်ပါတယ်ခင်ဗျ။ တကယ် လက်တွေ့ဖြစ်နေတဲ့ဘဝထဲ နေပြည်တော်ဈေးမှာတောင်မှပဲ အဆောက်အဦထဲမှာ ဘာမှမရှိဘဲနဲ့ ကျွန်တော်တို့ ရောက်စတုန်းကအခြေအနေနဲ့မတူဘဲနဲ့ တော်တော်အခြေအနေဆိုးနေပါပြီ။ ကျန်တဲ့ဈေးတွေမှာ ဒီ့ထက်အများကြီးဆိုးနေတာဖြစ်တဲ့အတွက် အဲ့ဒီလိုကိစ္စရပ်များကို ဘယ်လိုများဆောင်ရွက်ထားမလဲ ဆိုတာလေးကို သိလိုပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ နေပြည်တော်ကောင်စီအနေနဲ့တော့ ဒီ သား၊ ငါးဈေးဆိုင်တန်းများနဲ့ပတ်သက်ပြီးတော့ အထူးသန့်ရှင်းရေးအဖွဲ့များ သီးခြား မြို့မဈေး၊ သပြေကုန်းဈေးတွေမှာ သီးခြားအဖွဲ့ဖွဲ့ပြီးတော့ သန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ခါတစ်ရံ သား၊ ငါးပွဲကျဈေးရောင်းချတဲ့ အဖွဲ့များမှလွဲပြီးတော့ သား၊ ငါးဈေးတန်းမှာရှိနေတဲ့ အဖွဲ့များနဲ့ပတ်သက်လို့တော့ သန့်ရှင်းရေးကတော့ နေ့စဉ်လည်းဆောင်ရွက်လျက်ရှိပြီးတော့ သန့်ရှင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျန်တဲ့ မြို့နယ်များနဲ့ပတ်သက်လို့ကတော့ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များရဲ့ ဆောင်ရွက်မှုအပေါ်မှာပဲ မူတည်တဲ့အတွက် ကျွန်တော့်အနေနဲ့ သီးခြားတင်ပြလိုခြင်း မရှိပါဘူး။ ဒီလောက်ပါပဲ။

**တောင်ဥက္ကလာပမြို့နယ် ရတနာလမ်းနှင့် သုမင်္ဂလာလမ်းဆုံတွင်ရှိသော ယာဉ်ငယ်ရပ်နားစခန်း(၂)ခုတွင် ယာဉ်ရောင်းဝယ်ရေးစခန်းဖွင့်မည်ဆိုပါက ရတနာလမ်းတစ်လျှောက်တွင်ရှိသော ယာဉ်ကြောပိတ်ဆို့မှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း ဝင်ငွေတိုးတက်မည် ဖြစ်ပါသဖြင့် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာဦးစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသောဧည့်သည်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမြို့နယ်ကို စတင်တည်ထောင်စဉ်ကပင် ရပ်ကွက်တိုင်းရဲ့ထောင့်တွေမှာ အားကစားကွင်းတွေကို တည်ဆောက်ပေးခဲ့ပါတယ်။ ရန်ကုန်မြို့၏ မြေယာစီမံခန့်ခွဲခွင့်ကို မြို့တော်စည်ပင်ကိုလွှဲလိုက်တဲ့အချိန်ကစပြီး ရပ်ကွက်တွေရဲ့ထောင့်နေရာမှာရှိတဲ့ အားကစားကွင်းပန်းခြံတွေကို အကြောင်းအမျိုးမျိုးပြပြီး သိမ်းဆည်းခဲ့ပါတယ်။ ယနေ့အချိန်ထိလည်း အများပိုင်အားကစားကွင်းမြေတွေကို သိမ်းယူနေဆဲဖြစ်ပါတယ်။ တောင်ဥက္ကလာပမြို့နယ်(၁၁)ရပ်ကွက်၊ (၁၂)ရပ်ကွက်၊ သုမင်္ဂလာလမ်းနှင့် ရတနာလမ်းဆုံရှိ အားကစားကွင်းနှစ်ကွင်းကို သိမ်းယူခဲ့ပြီး မြို့နယ်အတွက် လိုအပ်ခြင်းမရှိတဲ့ ယာဉ်ငယ်ရပ်နားစခန်းနှစ်ခုကို ၂၀၁၄-၂၀၁၅ ခုနှစ်လောက်မှာ တည်ဆောက်ဖွင့်လှစ်ခဲ့ပါတယ်။ အားကစားကွင်းတွေကိုသိမ်းယူပြီး ပြည်သူတွေက မကျေမနပ်ဖြစ်တဲ့အတွက် ၎င်းယာဉ်ငယ်ရပ်နားစခန်းတွေရဲ့ လေးလွှာအမိုးပေါ်မှာ ကလေးအားကစားကွင်းကို ပြုလုပ်ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒီပုံတွေကတော့ အားကစားကွင်းနှစ်ကွင်းကို သိမ်းယူပြီး တည်ဆောက်ထားတဲ့ ယာဉ်ငယ်ရပ်နားစခန်း လေးထပ်အဆောက်အဦနှစ်ခုဖြစ်ပါတယ်။ ဒီပုံတွေကတော့ အဲဒီလေးလွှာရဲ့အမိုးမှာ တည်ဆောက်ထားတဲ့ ကလေးအားကစားကွင်းဖြစ်ပါတယ်။ အရိပ်အာဝါသမရှိဘဲ အလွန်ပူပြင်းပြီး ကလေးတွေအဲဒီနေရာကိုရောက်ဖို့ လေးထပ်အထိတက်ရတဲ့အတွက် ကစားမယ့်သူလည်း မရှိသလောက်ဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ယာဉ်ငယ်ရပ်နားစခန်းနှစ်ခုကို ဖွင့်လှစ်ပေးခဲ့သော်လည်း မြို့နယ်ရဲ့လိုအပ်ချက်နဲ့ ကိုက်ညီမှုမရှိတဲ့အတွက် လာရောက်ရပ်နားသော မော်တော်ယာဉ်အရေအတွက် အလွန်နည်းပါးသောကြောင့် အဲဒီမှာတာဝန်ယူထားရတဲ့ ဝန်ထမ်းစရိတ်ပင်မကာမိဘဲ နှစ်စဉ်အရှုံးပြနေသည်ဟု သိရှိရပါတယ်။ ဒီပုံတွေကတော့ ယာဉ်ရပ်နားခြင်းမရှိတဲ့ ယာဉ်ရပ်နားစခန်းရဲ့ အခြေအနေဖြစ်ပါတယ်။ ထိုသို့သော အခြေအနေကြောင့် ယာဉ်ငယ်ရပ်နားစခန်းနှစ်ခုအား ယာဉ်ရောင်းဝယ်ရေးစခန်းကဲ့သို့ ဆောင်ရွက်ပေးနိုင်ရန်ကို အဲဒီရတနာလမ်းတစ်လျှောက်မှာ နားလည်မှုနဲ့ဆောင်ရွက်နေတဲ့ မော်တော်ယာဉ်အကျိုးဆောင်များမှလည်း လိုလားလျက်ရှိနေပါတယ်။ ၎င်းနေရာများတွင် ယာဉ်ရောင်းဝယ်ရေးစခန်းဖွင့်လှစ်မည်ဆိုပါက နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်လာမှာဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့မှုကိုလည်း အထိုက်လျောက်လျှော့ချနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အရှုံးပြနေသော ယာဉ်ငယ်ရပ်နားစခန်းနှစ်ခုအား ဝင်ငွေတိုးတက်ရရှိရန်အတွက် ယာဉ်ရောင်းဝယ်ရေးစခန်း သို့မဟုတ် အခြားသင့်လျော်သောလုပ်ငန်းများတွဲ၍ ဆောင်ရွက်ပေးနိုင်ပါရန်နှင့် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့စီစဉ်ထားသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးညီထွန်း(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင် မေးမြန်းတဲ့ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်းနှင့် သုမင်္ဂလာလမ်းဆုံတွင်ရှိသော ယာဉ်ငယ်ရပ်နားစခန်းနှစ်ခုအား ယာဉ်ရောင်းဝယ်ရေးစခန်းကဲ့သို့ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ပေးပါက နိုင်ငံတော်အနေဖြင့် ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး ယခုအခါ ရတနာလမ်းမကြီးတစ်လျှောက် နားလည်မှုဖြင့်ဆောင်ရွက်နေသော ယာဉ်ရောင်းဝယ်မှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများလည်း ဖြစ်ပေါ်နေပါသဖြင့် ၎င်းယာဉ်ငယ်ရပ်နားစခန်းတွင် ယာဉ်ရောင်းဝယ်ရေးစခန်းဖွင့်မည်ဆိုပါက ရတနာလမ်းတစ်လျှောက်တွင်ရှိသော ယာဉ်ကြောပိတ်ဆို့မှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း ဝင်ငွေတိုးတက်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် နိုင်ငံတော်၏ ဝင်ငွေတိုးတက်စေရေးအတွက်လည်း မည်သို့စီစဉ်ထားသည်ကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အပေါ်မှာ ကိုယ်စားဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းတွင်ဖော်ပြထားသော ယာဉ်ရပ်နားစခန်းနှစ်ခုသည် တောင်ဥက္ကလာပမြို့နယ်၏ အဓိကလမ်းမကြီးဖြစ်သော ရတနာလမ်းနှင့် သုမင်္ဂလာလမ်းဆုံနေရာဖြစ်ပြီး ယနေ့အချိန်တွင် မြို့ပြဖွံ့ဖြိုးလာမှုနှင့်အတူ ရင်ဆိုင်ကြုံတွေ့လာခဲ့ရသော ယာဉ်ကြောပိတ်ဆို့မှုပြဿနာများအား လျှော့နည်းစေရန်ရည်ရွယ်၍ အများပြည်သူသုံး သီးသန့်ယာဉ်ရပ်နားနေရာအဖြစ် ရတနာပန်းခြံတွင်တစ်နေရာနှင့် မြသီတာပန်းခြံတွင်တစ်နေရာ စုစုပေါင်းနှစ်နေရာအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ယာဉ်ရပ်နားစခန်းနှစ်ခုအား ၂၄-၆-၂၀၁၅ ရက်နေ့မှစတင်ဖွင့်လှစ်၍ ယင်းစခန်းတွင်နေ့ပိုင်းဝင်ရောက်လာသည့်ယာဉ်များအတွက် ယာဉ်တစ်စီးလျှင် တစ်နာရီ ၁၀၀ ကျပ်နှုန်းဖြင့်ကောက်ခံလျက်ရှိပြီး အချိန်ကြာမြင့်မှုအလိုက် တွက်ချက်ကောက်ခံလျက်ရှိပါသည်။ ယင်းစခန်းနှစ်ခုတွင် လက်ရှိပျမ်းမျှ တစ်နေ့လျှင် ယာဉ် ၄၀ စီးရပ်တန့်လျက်ရှိပြီး ပျမ်းမျှကောက်ခံရငွေ ၄၀၇၀၀ ကျပ်ခန့် ဝင်ငွေရရှိလျက်ရှိပါသည်။

ရန်ကုန်မြို့တော်တွင် ယာဉ်ရောင်းဝယ်ရေးစခန်းများနှင့်ပတ်သက်၍ စခန်းနှစ်ခုဖွင့်လှစ်ပေးထားပြီးဖြစ်ပါသည်။ သံသုမာယာဉ်ရောင်းဝယ်ရေးစခန်းမှာ အကျယ်အဝန်း ၁.၂၆ ဧကရှိ၍ နေ့စဉ်ပျမ်းမျှယာဉ်စီးရေ ၁၂၀ ခန့်ရပ်နား၍ ရောင်းဝယ်မှုပြုလုပ်နိုင်ပြီး လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းအကျယ်အဝန်းမှာ ၁၀.၁၅ ဧကရှိ၍ ယာဉ်စီးရေ ၁၂၀၀ ခန့် ရောင်းဝယ်မှုပြုလုပ်နိုင်ရန်ယာဉ်ရပ်နားနိုင်သောစခန်းများ ဖြစ်ပါသည်။ ယခင်ပိတ်သိမ်းခဲ့ပြီးဖြစ်သည့် ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းတွင် ဝယ်ရောင်းယာဉ်များအား ညအိပ်ရပ်နားခွင့်ပြုခဲ့၍ ကာလရှည်ကြာစွာယာဉ်များထားရှိပြီး ယာဉ်ရောင်းဝယ်မှုပြုလုပ်ခဲ့ကြပါသည်။ ထို့ကြောင့် ယာဉ်ရောင်းဝယ်ရေးသမားများက ယင်းစခန်းများအား မိမိတို့ပိုင်မြေနေရာသဖွယ် သဘောထားပြီး စီမံခန့်ခွဲမှုလုပ်ငန်းများအပေါ်ကန့်ကွက်ဆန္ဒပြမှုများ၊ နှောက်ယှက်မှုများပြုလုပ်ခဲ့သကဲ့သို့ လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းတွင်

ဆိုင်ခန်းများ ပြန်လည်နေရာချထားသည့်အချိန်၌လည်း မလိုလားအပ်သည့် ဝင်ရောက်စွက်ဖက်ပြောဆိုခြင်းများ ပြုလုပ်ခဲ့ကြသဖြင့် လုပ်ငန်းများလုပ်ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ပါသည်။ ယခုအခါ ဖော်ပြပါယာဉ် ရောင်းဝယ်ရေးစခန်းသစ်များ ဖွင့်လှစ်ပြီးနောက်ပိုင်းတွင် ရောင်းဝယ်ရေးစခန်းများ၌ ယာဉ်များ ညအိပ်ခွင့်ပြုပါရန် လျှောက်ထားခြင်းများရှိခဲ့သော်လည်း နံနက် ၆ နာရီတွင် ဝင်ရောက်ခွင့်ပြုပြီး ညနေ ၆ နာရီအချိန်တွင် ရောင်းဝယ်မှုလုပ်ငန်းများ ပိတ်သိမ်းစေ၍ ည ၈ နာရီအချိန်တွင် ယာဉ်များပြန်လည်ထွက်ခွာစေသည့်စနစ်ဖြင့်သာ ဆောင်ရွက်လျက်ရှိပါသည်။ ယင်းယာဉ်ရောင်းဝယ်ရေးစခန်းများတွင် ယာဉ်များ ညအိပ်ရပ်နားခွင့်ပြုခြင်း မရှိခဲ့ပါ။ ဖော်ပြပါ တောင်ဥက္ကလာပမြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်း ယာဉ်ငယ်ရပ်နားစခန်း(၁)နှင့်(၂)ကို ယာဉ်ရောင်းဝယ်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ပါရန် လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ အောက်ပါအချက်များကို သုံးသပ်ဆောင်ရွက်ခဲ့ပါသည်။ (က) တောင်ဥက္ကလာပမြို့နယ်တွင် အဓိကလမ်းမကြီးများ ဆုံရာနေရာဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှုပြဿနာအား လျော့နည်းစေရန် ရည်ရွယ်ပြီး အများပြည်သူသုံး သီးသန့်ယာဉ်ရပ်နားရာနေရာအဖြစ် ကလေးကစားကွင်းနှင့် အားကစားကွင်းများအပါအဝင် ထည့်သွင်း၍ တည်ဆောက်ဖွင့်လှစ်ထားခဲ့ခြင်း၊ (ခ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သံသုမာနှင့် လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီးဖြစ်၍ ယာဉ်အရောင်းအဝယ် ပြုလုပ်လိုသူများအနေဖြင့် ယင်းစခန်းများတွင် အရောင်းအဝယ်ပြုလုပ်နိုင်ခြင်း၊ (ဂ) ယင်းယာဉ်ငယ်ရပ်နားစခန်းနှစ်ခုတွင် ယာဉ်များရပ်နားရန်သာမက ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းများကိုပါ လုပ်ကိုင်လိုပါက ယာဉ်ညအိပ်ရပ်နားခွင့်ပြုပါက သံသုမာနှင့် လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းများတွင်လည်း အလားတူယာဉ်ညအိပ်ရပ်ထားခွင့်များကို တောင်းဆိုလာမှုများ ရှိလာနိုင်ပါတယ်။ ဖော်ပြပါအချက်များကိုသုံးသပ်၍ ယာဉ်ရောင်းဝယ်ရေးလုပ်ကိုင်သူများ၏ အသုံးပြုခွင့်ပေးပါရန် တင်ပြစာနှင့်ပတ်သက်၍ ၅-၁-၂၀၁၆ ရက်နေ့တွင်ကျင်းပသော ကော်မတီဝင်များအစည်းအဝေးက ယာဉ်ရောင်းဝယ်ရေးစခန်းများ တစ်ခုပြီးတစ်ခု တိုးချဲ့ဖွင့်လှစ်ပေးရန်မသင့်ဘဲ ယာဉ်ရောင်းဝယ်သူများက နိုင်ငံတော်ကို သတ်မှတ်အခွန်အခပေးဆောင်၍ မိမိကိုယ်ပိုင် Show Room ဖွင့်လှစ်ဆောင်ရွက်ရန်ဟု ဆုံးဖြတ်ထားရှိပါသည်။ ထို့ပြင် ဖော်ပြပါယာဉ်ရပ်နားစခန်းနှစ်ခုတွင် ယာဉ်ရောင်းဝယ်ရေးလုပ်ကိုင်သူများအနေဖြင့် ယာဉ်များရပ်နား၍ လုပ်ငန်းဆောင်ရွက်လိုပါက ကျသင့်သည့်ယာဉ်ရပ်နားခတန်ဖိုးပေးချေ၍ ရပ်နားဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်းနှင့် သုမင်္ဂလာလမ်းဆုံရှိ ယာဉ်ရပ်နားစခန်းနှစ်ခုအား ယာဉ်ရောင်းဝယ်ရေးစခန်းအဖြစ်ပြောင်းလဲဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် လက်ရှိယာဉ်ရပ်နားစခန်းအတိုင်းသာ ထားရှိမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်ကို ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဦးစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးမြန်းခွင့်ပြုပါခင်ဗျား။ ခုန နေပြည်တော်ကောင်စီဝင်ဖြေသွားတဲ့အထဲမှာ ယာဉ်ရောင်းဝယ်ရေးလုပ်ချင်တယ်ဆိုလို့ရှိရင် အဲဒီစခန်းထဲမှာပဲဝင်ပြီးတော့ ဆောင်ရွက်လို့ရတယ်

ဆိုတာလေး ဖြေကြားသွားတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါပေမဲ့ အဲဒီယာဉ်ရပ်နားစခန်းက ယာဉ်ရောင်းဝယ်ရေးလုပ်တဲ့အခါကျတော့ ယာဉ်ပဲဝင်လို့ရပြီးတော့ လူကိုဝင်ခွင့်မပေးဘူးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမှာလည်း ယာဉ်ပဲရပ်လို့ရပြီး လူသီးသန့်ဝင်လို့မရတဲ့အတွက် သူတို့ တစ်နိုင်တစ်ပိုင်လုပ်ချင်တဲ့လူတွေ၊ မိုးတွေရွာတဲ့အခါ လမ်းဘေးမှာလုပ်နေတဲ့လူတွေ နိုင်ငံတော်လည်း ဝင်ငွေတိုးတက်အောင် အဲဒီလိုမျိုး ဝင်ခွင့်ပေးလို့ရ/မရပေါ့။ အဲဒါလေးလည်း ဖြေကြားလို့ရရင် ဖြေကြားပေးပါလို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးညီထွန်း(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ လူဝင်ခွင့်ကိစ္စနဲ့ပတ်သက်လို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ထပ်မံမေးမြန်းပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ အကြိုအဖွဲ့ဝင်(Candidate)အနေနှင့်ဝင်ရောက်ခဲ့သည့် Extractive Industries Transparency Initiative (EITI)ဆိုသည့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးဆောင်ရွက်နေသည့် အဖွဲ့ကြီး၏တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှရရှိသည့် နိုင်ငံတော်၏ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်နိုင်ရေးအစီအစဉ်များ မည်သို့ဆောင်ရွက်ထားသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သက်သက်ခိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော်မှာ အတည်ပြုခဲ့တဲ့အဆိုနှင့် စပ်လျဉ်းပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ မည်ကဲ့သို့ဆောင်ရွက်ထားရှိသည်ကို သိရှိလိုလို့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။

ကျွန်မတင်ခဲ့တဲ့အဆိုကတော့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ပြည်သူ့လွှတ်တော်ကြီးကလည်း ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှာ အတည်ပြုပေးခဲ့တဲ့အဆိုဖြစ်ပါတယ်။ ကျွန်မတင်ခဲ့တဲ့အဆိုကို ပြန်ပြောရမယ်ဆိုရင် မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ အကြိုအဖွဲ့ဝင်အနေဖြင့်ဝင်ရောက်ခဲ့သည့် Extractive Industries Transparency Initiative (EITI)ဆိုတဲ့ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး ဆောင်ရွက်နေတဲ့အဖွဲ့ကြီးရဲ့ တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှရရှိတဲ့ နိုင်ငံတော်ရဲ့ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်နိုင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်ရှင်။ အဆိုအောင်ခဲ့တဲ့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကရေတွက်လို့ရှိရင် အချိန်အားဖြင့် ၁၄ လကျော်ကြာမြင့်ပြီဖြစ်လို့ ပြည်ထောင်စုအစိုးရ အနေနဲ့ အဆိုနှင့်ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေကို သိရှိလိုလို့ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်သက်သက်ခိုင်ရဲ့ တင်သွင်းခဲ့တဲ့အဆိုနှင့်စပ်လျဉ်းပြီးတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့် ပြုပါရန် ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးအတွင်းမှာ ယင်းအဆိုနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ရှင်းလင်းတင်ပြခဲ့စဉ်က နိုင်ငံ့ဝင်ငွေမှာ တွင်းထွက်သယံဇာတ တူးဖော်ရေးကဏ္ဍကပါဝင်မှုကို သိရှိစေရန်အတွက် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိစေရန် ရည်ရွယ် ထုတ်ဝေသောနိုင်ငံသားများအတွက် ဘတ်ဂျက်(Citizen’s Budget)စာစောင်မှာ တွင်းထွက် သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများနှင့်ပတ်သက်သည့် ရငွေ၊ သုံးငွေ ခန့်မှန်းခြေများကို ထည့်သွင်းဖော်ပြလျက်ရှိပါကြောင်း၊ ယခုအခါမှာ နိုင်ငံတော်ပိုင် သဘာဝ သယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှရရှိသည့် နိုင်ငံတော်၏ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်း မြင်သာစွာချပြလျက်ရှိပြီး ထိုဝင်ငွေများကို ဘဏ္ဍာရေးစည်းမျဉ်းအရ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ သို့သာ အပြည့်အဝပေးသွင်းစေလျက်ရှိကြောင်း၊ SEE များ၏ OA စာရင်းများသည် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေအောက်တွင်သာရှိကြောင်း၊ UFA(OA)စာရင်းများကို ၎င်းတို့သဘောဖြင့် သုံးစွဲမှု မပြုရဘဲ Budget Law နှင့်အညီသာသုံးစွဲရကြောင်း၊ နိုင်ငံတကာ EITI အဖွဲ့အစည်း၏တင်းပြည့် အဖွဲ့ဝင်အဖြစ်နဲ့ဝင်ရောက်နိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း စသည်တို့ကို ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာ EITI အဖွဲ့ကိုဝင်ရောက်နိုင်ရန် ဆောင်ရွက်နေမှုနှင့် ပတ်သက် ပြီးတော့ ယခုအခါမှာ မြန်မာနိုင်ငံသည် အဖွဲ့ဝင်လောင်းနိုင်ငံတစ်ခုဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ ကျောက်စိမ်းနှင့်ကျောက်မျက်ကဏ္ဍနှင့် အခြားသတ္တုကဏ္ဍက အခွန်ရငွေများကို စာရင်းတိုက်ဆိုင်

စစ်ဆေးထားတဲ့ မြန်မာနိုင်ငံ EITI ရဲ့ ပထမအကြိမ်အစီရင်ခံစာကို နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံးသို့ တင်သွင်းနိုင်ခဲ့ပါတယ်။ EITI ရဲ့ ပထမအကြိမ်အစီရင်ခံစာမိတ်ဆက်ခြင်း အခမ်းအနားကိုလည်း ၁-၃-၂၀၁၆ ရက်နေ့မှာ ဆောင်ရွက်ခဲ့ပါတယ်။

တစ်ဖန် ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ ကျောက်စိမ်းနှင့်ကျောက်မျက်ကဏ္ဍ၊ ပုလဲကဏ္ဍပါဝင်တဲ့အခြားသတ္တုကဏ္ဍမှအခွန်ရငွေများကို စာရင်းတိုက်ဆိုင်စစ်ဆေးထားတဲ့ မြန်မာနိုင်ငံ EITI ရဲ့ ဒုတိယအကြိမ်နှင့်တတိယအကြိမ် အစီရင်ခံစာများကို နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံးသို့ တင်သွင်းနိုင်ခဲ့ပါတယ်။ သစ်တောကဏ္ဍအတွက် စာရင်းတိုက်ဆိုင်စစ်ဆေးရေးအစီရင်ခံစာကိုလည်း မြန်မာနိုင်ငံရဲ့ ၎င်းအစီရင်ခံစာများရဲ့ နောက်ဆက်တွဲအစီရင်ခံစာအဖြစ် တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ဒုတိယအကြိမ်နှင့် တတိယအကြိမ်အစီရင်ခံစာမှာ ပထမအကြိမ်အစီရင်ခံစာမှာ ပါဝင်တဲ့ကဏ္ဍများအပြင် ပုလဲကဏ္ဍနှင့် သစ်တောကဏ္ဍတို့ကို ထည့်သွင်းပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့မှာ အဆိုပါအစီရင်ခံစာများနှင့် ပတ်သက်ပြီးတော့ သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ရန်ကုန်မြို့မှာ ကျင်းပပြုလုပ်ခဲ့ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ အစိုးရဌာနဆိုင်ရာအကြီးအကဲများ၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှကိုယ်စားလှယ်များ၊ မီဒီယာများမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါတယ်။ ထို့အပြင် အဆိုပါ ဒုတိယအကြိမ်နှင့် တတိယအကြိမ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ပြီး Report Launching Ceremony နှင့် Public Debate တို့ကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလများက ရန်ကုန်မြို့နှင့် နေပြည်တော်တို့မှာ အသီးသီးကျင်းပနိုင်ခဲ့ပါတယ်။ အဆိုပါ အခမ်းအနားကို နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံးမှ အမှုဆောင်အရာရှိ Mr. Eddie Rich လည်း တက်ရောက်ခဲ့ပါတယ်။ အစိုးရသစ်လက်ထက် ၂၀၁၇ ခုနှစ် မတ်လမှ ယခုအချိန်အထိ MEITI ၊ Multi State Group-MSG သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေး စုစုပေါင်း (၁၇)ကြိမ်ကျင်းပခဲ့ပြီးတော့ ရှေ့ဆက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များကိုချမှတ်ပြီး နိုင်ငံတကာ EITI စံနှုန်းများနှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ EITI လုပ်ငန်းစဉ်များကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်သမ္မတရုံးကို တင်ပြပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(Sub-National Coordination Units)များကို ဖွဲ့စည်းပေးခဲ့ပြီးတော့ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာလည်းပဲ ဆက်လက်ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်။ EITI လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုကို လေ့လာဆန်းစစ်ဖို့အတွက် နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံးက ကနဦးအကဲဖြတ်လေ့လာဆန်းစစ်ရေးအဖွဲ့ဟာ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ကနေ ၁၇ ရက်နေ့အထိ မြန်မာနိုင်ငံကိုလာရောက်ခဲ့ပါတယ်။ ကနဦးအကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်(Validation Process)များကို ဆောင်ရွက်ခဲ့ပါတယ်။ ကနဦးအကဲဖြတ်ဆန်းစစ်ခြင်း

ရလဒ်ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ(ယခုလ)မှာရရှိမည်ဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါ လုပ်ငန်းစဉ်များကိုကြည့်ပါက သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှရရှိတဲ့ နိုင်ငံတော်ရဲ့ ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြနိုင်ရန် နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်စဉ်ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းတဲ့ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာဥပဒေများတွင် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ရငွေ၊ သုံးငွေများကို ပွင့်လင်းမြင်သာစွာလေ့လာတွေ့ရှိနိုင်ပြီးတော့ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှ နိုင်ငံတော်ကရရှိတဲ့ဝင်ငွေများသည် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ရငွေများအဖြစ်ဝင်ရောက်ခြင်း ဖြစ်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်ပြီး ဖြစ်ပါတယ်။ အဆိုပါရငွေများကို နှစ်စဉ်ထုတ်ဝေတဲ့ Citizen's Budget စာစောင်မှာလည်းကောင်း၊ ဝန်ကြီးဌာနရဲ့ Website မှာ လည်းကောင်း အများပြည်သူသိရှိအောင် ဖော်ပြပေးလျက်ဖြစ်ပါတယ်။

ထို့အပြင် နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများရဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအခြား စာရင်းရှင်(SEE Other Account-UFA OA)များရဲ့ သဘောသဘာဝနှင့် UFA(OA)သည် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ပါဝင်သည့်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ပြည်ထောင်စု လွှတ်တော်တွင် ရှင်းလင်းတင်ပြခြင်း၊ နိုင်ငံပိုင်သတင်းစာများမှာ ထည့်သွင်းဖော်ပြခြင်း၊ နိုင်ငံပိုင် မီဒီယာများ၊ သတင်းစာများတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှဦးဆောင်၍ ဘတ်ဂျက်ဆိုင်ရာ ဆွေးနွေးပွဲများ၊ စီးပွားရေးစကားဝိုင်းများပြုလုပ်ခြင်းတို့ဖြင့် ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ သယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှရရှိသည့် နိုင်ငံတော်၏ ဝင်ငွေများကို နိုင်ငံသား များသို့ ပွင့်လင်းမြင်သာစွာချပြလျက်ရှိပါကြောင်းနှင့် ထိုဝင်ငွေများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ သို့ အလုံးစုံဝင်ရောက်ပြီးဖြစ်ပါကြောင်း၊ ယခုအခါ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ဝင်ရောက်ပြီး ဖြစ်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများရဲ့ Other Account(OA)စာရင်းများနှင့် ပတ်သက်ပြီး စာရင်းသဘောအရ လက်ကျန်ဖြစ်ပေါ်နေတဲ့ငွေရပ်များကို မည်သို့ဆက်လက်ဆောင်ရွက် သင့်သည်ကို နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီတွင် ဆွေးနွေးသုံးသပ်လျက် ရှိပါကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဖြေကြားအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမြဲဆန္ဒနယ်)**။ ။ အခုလို အကျယ်တဝင့်ရှင်းလင်းတင်ပြသွားတဲ့ ပြည်ထောင်စုဝန်ကြီးကို ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၁၆ ပုဒ်မခွဲ(ဃ)အရ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်းခံအပ်ပါတယ်။ ပထမဆက်စပ်မေးခွန်းအနေနဲ့ မြန်မာ့ စီးပွားရေးဘဏ်မှာဖွင့်လှစ်ထားတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီရဲ့ အခြားစာရင်း(Other

Accounts)များမှ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းတဲ့အဝင်အထွက်စာရင်းများရဲ့ အသေးစိတ်စာရင်းများကို နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ထုတ်ဝေတဲ့ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာမှာဖော်ပြပေးနိုင်ခြင်းရှိ/မရှိမေးမြန်းလိုပါတယ်ရှင်။

ဒုတိယမေးခွန်းအနေနဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရဲ့ အခြားစာရင်း(Other Account) များမှာ နောက်ဆုံးလက်ကျန်ရှိနေတဲ့စာရင်းများကို ပွင့်လင်းမြင်သာစွာသိရှိနိုင်ဖို့ မြန်မာ့စီးပွားရေး ဘဏ်ရဲ့ လက်ကျန်ရှင်းတမ်းအပါအဝင် ဘဏ္ဍာရေးရှင်းတမ်းများအား အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုလို့ မေးမြန်းတဲ့မေးခွန်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ တစ်ဆက် တစ်စပ်တည်းမေးခွန်းမေးမြန်းပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ SEE စုစုပေါင်းဆိုလို့ရှိရင်တော့ ယခင်က ၄၀ ကျော်ရှိခဲ့ပေမဲ့ အခု ၃၀ ကျော်ရှိပါတယ်။ ၃၀ ကျော်မှာ အားလုံး OA စာရင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွင့်လှစ်ပြီးတော့ ဆောင်ရွက် လျက်ရှိပါတယ်။ ဒီဘတ်ဂျက်ကို အဆိုတင်တဲ့အချိန်မှာ ဒီ OA စာရင်းများအပါအဝင် ကျွန်တော်တို့ ကတော့ ငယ်စာရင်းလို့ခေါ်တဲ့ ဌာနတစ်ခုချင်းအလိုက်၊ လုပ်ငန်းတစ်ခုချင်းအလိုက် ဝင်မယ့်၊ ထွက်မယ့်စာရင်းတွေကို လွှတ်တော်ကိုတင်ပြပါတယ်။ တင်ပြပြီးတော့ ဘတ်ဂျက်အကောင်အထည် ဖော်ပါတယ်။ ဖော်တဲ့အခါမှာ SEE များရဲ့ လုပ်ငန်းသဘောသဘာဝအရ တစ်နှစ်ပတ်လုံး နေ့စဉ်နှင့် အမျှ ဝင်တာတွေ၊ ထွက်တာတွေရှိပါတယ်။ ဒီလိုရှိတဲ့အခါမှာ ကျွန်တော်တို့ နှစ်ပတ်လည်အစီရင်ခံစာ မှာ ဒီအသေးစိတ်စာရင်းအားလုံးကို ထည့်သွင်းအစီရင်ခံရမယ်ဆိုရင်တော့ ဒီအစီရင်ခံစာကြီးက အကြီးကြီးအများကြီးဖြစ်သွားမယ့် အနေအထားရှိပါတယ်။ ကျွန်တော်တို့က နှစ်ပတ်လည်အစီရင်ခံစာ ကျရင်တော့ အဖွဲ့အစည်းတစ်ခုချင်းအလိုက် နှစ်ချုပ်စာရင်းများ ဒါကိုတော့ ယာယီအမှန်စာရင်း ဆိုတာရှိပါတယ်။ နောက် ရှေ့ပြေးအမှန်စာရင်းဆိုတာရှိပါတယ်။ နောက်စာရင်းစစ်ဆေးပြီးတော့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးပြီးတဲ့အခါမှာ အမှန်စာရင်း။ အဲဒီအမှန်စာရင်းကတော့ နောက်ဆုံးဖြစ်တဲ့ အမှန်စာရင်းပါပဲ။ အဲဒီအမှန်စာရင်းဆိုတာရှိပါတယ်။ အဲဒီအမှန် စာရင်းတွေမှာတော့ နှစ်ချုပ်စာရင်းအတိုင်းအတာနဲ့ညီမျှတဲ့ အစီရင်ခံလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

နောက်တစ်ခုက မြန်မာ့စီးပွားရေးဘဏ်ရဲ့ ဘဏ္ဍာရေးရှင်းတမ်းများ။ ဒါကတော့ ဗဟိုဘဏ်ရဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဒီဘဏ္ဍာရေးရှင်းတမ်းများကို နှစ်ကုန်တဲ့အခါမှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်(Board of Director)အဖွဲ့ကို အစီရင်ခံတင်ပြရပါတယ်။ ဒီနေ့မှာလည်းပဲ OA လက်ကျန်များအပါအဝင် ဘဏ္ဍာရေးရှင်းတမ်းများကို လုပ်ထုံးလုပ်နည်းနဲ့အညီ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ တင်ပြလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**အောင်ဘာလေသိန်းဆုဌာနမှ သတ်မှတ်ဈေးနှုန်းဖြင့် ပြည်သူများလွယ်ကူစွာ ဝယ်ယူကဲစမ်းနိုင်ရေး အတွက် မည်သို့စီမံဆောင်ရွက်ထားသည်နှင့် သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချနေသော လုပ်ငန်းရှင် အဆင့်ဆင့်များအား မည်သို့ညှိနှိုင်းစီမံဆောင်ရွက်သွားမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မဆွေးနွေးမေးမြန်းလိုတဲ့ကိစ္စကတော့ ကျပ် ၅၀၀ တန်အောင်ဘာလေသိန်းဆုထီလက်မှတ်များကိစ္စပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အောင်ဘာလေထီလက်မှတ်ကို ကျွန်မတို့ငယ်ငယ်က တစ်စောင်နှစ်ကျပ်နဲ့လိုသလောက်ဝယ်ယူကံစမ်းနိုင်ခဲ့ကြပါတယ်။ ကျွန်မဟာငယ်စဉ်က ငွေနှစ်ကျပ်နဲ့ ပိုက်ဆံတစ်သိန်းရနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ရတဲ့မုန့်ဖိုးစုပြီး လစဉ်နီးပါးထီထိုးခဲ့ပါတယ်။ တစ်ကြိမ်မှတော့မပေါက်ခဲ့ပါဘူး။ တက္ကသိုလ်ကျောင်းသူဘဝရောက်လာတော့ အခြေအနေက ပြောင်းလဲလာပါတယ်။ ထီတစ်စောင်ကို နှစ်ကျပ်မဟုတ်တော့ဘဲ။ တစ်စောင်ကို ၅၀ ကျပ်ဖြစ်လာပြီး အစောင်များများဝယ်ရင် ဈေးချိုရမည့်အစား ဈေးပိုကြီးလာတာကို အံ့ဩဖွယ်ရာကြုံလာခဲ့ရပါတယ်။ ဒီလိုနဲ့ ဘာသိဘာသာ ဖြတ်သန်းလာရင်းနဲ့ အခုဆိုရင် ထီတစ်စောင် ၅၀၀ ကျပ်နဲ့ အမြင့်ဆုံးဆုချီးမြှင့်ငွေက သိန်း ၁၀၀၀၀ ထိ ရောက်ရှိလာခဲ့သလို ကျွန်မလည်းလွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဖြစ်လာတယ်။ ကိုယ်စားလှယ်ဖြစ်လာပေမယ့် ငွေ ၅၀၀ ကျပ်နဲ့သိန်း ၁၀၀၀၀ ရလိုတဲ့ မျှော်လင့်ချက်ကို မစွန့်လွှတ်နိုင်တာကြောင့် အရင်တစ်ပတ်က ဈေးသွားရင်း ထီ ၁၀ စောင် ဝယ်ခဲ့ရာမှာ ၇၀၀၀ ကျပ်ပေးခဲ့ရတာကြောင့် ဘယ်သူတွေကအကျိုးအမြတ်ရနေသလဲဆိုတဲ့ အခြေအနေတွေကို (၁၇)ကြိမ်မြောက် အောင်ဘာလေကိန်းဂဏန်းအချက်အလက်များကို လေ့လာကြည့်ရာမှာ အပိုင်းသုံးပိုင်းတွေ့ရပါတယ်။

ပထမပိုင်းအနေနဲ့ အောင်ဘာလေဌာနခွဲ ဖြန့်ချိမှုစနစ်နဲ့အကျိုးအမြတ်ကို လေ့လာရာမှာ ဖြန့်ချိမှုစနစ်က ဌာနကိုယ်စားရောင်းချပေးလိုတဲ့ လုပ်ငန်းရှင်က လစဉ်ရောင်းချပေးလိုတဲ့ ထီအုပ်ရေကိုတစ်နှစ်စာပဋိညာဉ်စာချုပ်ချုပ်ဆိုပြီးတစ်ဆင့် ပြန်လည်ရောင်းချပေးတဲ့စနစ်ဖြစ်ပါတယ်။ ဒုတိယပိုင်းအနေနဲ့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် မြန်မာ့အလင်းသတင်းစာမှာပါတဲ့ ဌာနခွဲရဲ့ကြေညာချက်အရ အကျိုးအမြတ်ရတဲ့အပိုင်းကို ဇယားဖြင့်ဖော်ပြနိုင်ဖို့ ဥက္ကဋ္ဌမှတစ်ဆင့် Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။ ဇယားမှာပိုင်တဲ့ အမြတ်ဟာအသားတင်အမြတ်တော့မဟုတ်ပါဘူး။ ဌာနနဲ့လုပ်ငန်းရှင်များကသူတို့ရဲ့ဝန်ဆောင်မှုနဲ့ စီမံခန့်ခွဲမှုစရိတ်များကို နုတ်ရဦးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ တကယ့်လက်တွေ့မှာပြည်သူများက ထီတစ်စောင်ကို ၅၀၀ ကျပ်မှ စောစောက ကျွန်မဝယ်ခဲ့သလို ၇၀၀ ကျပ်အထိ တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ဖြစ်နေပါတယ်။ တချို့နေရာမှာ ၇၀၀ ကျပ်ထက်ပိုများတဲ့နေရာလည်းရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အနိမ့်ဆုံးပျမ်းမျှ တစ်စောင်ကို ၆၀၀ ကျပ်နှုန်းနဲ့ တွက်ချက်လျှင် ဒီဇယားအရဆိုရင် လုပ်ငန်းရှင်များရဲ့အကျိုးအမြတ်ဟာ ၅၀၀ စွာမြင့်တက်လာခဲ့ပြီး ဒီအတွက်ပြည်သူကပေးခဲ့ရတာ ဖြစ်ပါတယ်။ ဒါကတစ်စောင် ၆၀၀ ကျပ်နှုန်းနှင့်သာဖြစ်ပြီး တကယ်လို့သာ တစ်နိုင်ငံလုံး ၆၀၀ ကျပ်နှင့်အထက် ရောင်းနေကြတဲ့ ဈေးနှုန်းနှင့်သာတွက်ချက်ပါက တာဝန်ယူလုပ်ကိုင်ကြတဲ့ အောင်ဘာလေဌာနခွဲထက် လုပ်ငန်းရှင်အဆင့်ဆင့်ရကြတဲ့ ဝင်ငွေကပိုများနေတာကို တွက်ချက်ကြည့်လို့ရနိုင်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင်။ အခုလို ဈေးနှုန်းမြင့်တက်သွားတာကို လေ့လာကြည့်ရင် လုပ်ငန်းရှင်ကြီးများက တစ်ဆင့် ဖြန့်ချိရာမှာ ထီတစ်စောင်ကို သတ်မှတ်ဈေးနှုန်းအတိုင်း ၅၀၀ ကျပ်နှုန်းနဲ့တစ်ဆင့် ဝယ်ယူသူလုပ်ငန်းရှင်ငယ်များကို ထီလက်မှတ်အတွက် ဘောက်ချာတစ်ခုနဲ့ ပင်မလုပ်ငန်းရှင်ရဲ့ အမှတ်တံဆိပ်ပါထုတ်ပိုးပစ္စည်းအတွက် ဘောက်ချာတစ်ခုစီ သီးခြားရေးသွင်းပြီး ဖြန့်ချိတာကို တွေ့ရပါတယ်။ ဒါကြောင့် လက်လီလုပ်ငန်းရှင်ငယ်များက ထီတစ်အုပ်လျှင် တစ်စောင်ရရှိတဲ့ အကျိုးအမြတ် ဆုံးရှုံးသွားရတဲ့အပြင် အမှတ်တံဆိပ်ထုတ်ပိုးပစ္စည်းများအတွက်ပါ ထပ်မံကုန်ကျတာကြောင့် ကျွန်မ စောစောကဝယ်ခဲ့ရသလို ထီ ၁၀ စောင်ကို ၇၀၀၀ ကျပ်ဈေးပေးပြီး ဝယ်ယူကံစမ်းရတဲ့အခြေအနေဖြစ်သွားရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအခုလို တွက်ချက်တင်ပြတာဟာ ဌာနကိုရော လုပ်ငန်းရှင်များကိုပါ ထိခိုက်နစ်နာစေလိုတဲ့ဆန္ဒ လုံးဝမပါပါဘူး။ အထူးသဖြင့် လုပ်ငန်းရှင်များရဲ့ ကံ၊ ဉာဏ်၊ ဝိရိယနှင့် စွန့်ဦးတီထွင်ကြံဆမှုများကြောင့် ရလာတဲ့အကျိုးအမြတ်အတွက် ကျွန်မအနေနဲ့ အလွန်မုဒိတာပွားရပါတယ်။ သို့သော်လည်းပဲ ပြည်သူကလိုအပ်တာထက် စိုက်ထုတ်မရတဲ့အခြေအနေအတွက် ကျွန်မနှုတ်ဆိတ်မနေနိုင်ပါဘူး။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက အောင်ဘာလေ သိန်းဆုဌာနမှ သတ်မှတ်ဈေးနှုန်းဖြင့် ပြည်သူများလွယ်ကူစွာ ဝယ်ယူကံစမ်းနိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ထားသည့် အစီအစဉ်များနှင့် သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချနေသော လုပ်ငန်းရှင်အဆင့်ဆင့်များအား မည်သို့ညှိနှိုင်းစီမံဆောင်ရွက်သွားမည့် အစီအစဉ်များကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောက်ဘာလေသိန်းဆု ဌာနခွဲအနေနဲ့ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ထီစာအုပ်များရောင်းချနိုင်ရန် ဘဏ္ဍာနှစ်မတိုင်မီ သုံးလခန့်ကြိုတင်ပြီးတော့ နိုင်ငံပိုင်သတင်းစာများနှင့် ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ Website တွေမှာ ထည့်သွင်းကြေညာပြီးတော့ ထီဝယ်ယူလိုသူများထံက လျှောက်လွှာခေါ်ယူခြင်းများ ဆောင်ရွက်ရပါတယ်။ ထီစာအုပ်ဝယ်ယူခွင့် လျှောက်လွှာတွေကို ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူဖြစ်ပါက အောင်ဘာလေသိန်းဆုဌာနခွဲ(ရန်ကုန်မြို့)၊ မန္တလေးစည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်သူဖြစ်ပါက အောင်ဘာလေသိန်းဆုဌာနခွဲ(မန္တလေးရုံးခွဲ)၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ နေထိုင်သူဖြစ်ပါက သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့် လျှောက်ထားရပါတယ်။ ထီစာအုပ်ဝယ်ယူခွင့် လျှောက်ထားလာမှုများအပေါ်မှာ အဆင့်ဆင့်စိစစ်မှုများပြုလုပ်ပြီးတော့ ဝယ်ယူခွင့်ရရှိသူများကို ၎င်းတို့စတင်လျှောက်ထားတဲ့ ရုံးများကတစ်ဆင့် အသိပေး

ခြင်းနှင့် ပွင့်လင်းမြင်သာစွာသိရှိနိုင်ရေးအတွက် ထုတ်ပြန်ကြေညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ထီစာအုပ်ဝယ်ယူခွင့်ရရှိတဲ့သူများဟာ ၎င်းတို့လျှောက်ထားတင်ပြခဲ့တဲ့ ရုံးအသီးသီးမှာ ဝယ်ယူခွင့်ရတဲ့အရေအတွက်အပေါ် မူတည်ပြီးတော့ ထီစာအုပ်တစ်အုပ်ကို ကျပ် ၁၀၀ နှုန်းဖြင့် သုံးလစာ အာမခံငွေ (Deposit)ပေးသွင်းပြီးတော့ လိုက်နာဆောင်ရွက်ရမည့်အချက်တွေပါတဲ့ သဘောတူစာချုပ်ချုပ်ဆိုပြီးတော့ လစဉ်ဝယ်ယူကြရပါတယ်။ ထီစာအုပ်တစ်အုပ်ကို ထီလက်မှတ် ၁၁ စောင်ပါရှိပြီးတော့ ထီစာအုပ်တစ်အုပ်စျေးနှုန်းဟာ ၅၀၀၀ ကျပ်နှုန်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲက ဖြန့်ဖြူးပေးခြင်းဖြစ်ပါတယ်။ ထီစာအုပ်ဝယ်ယူရောင်းချသူများ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များမှာ သတ်မှတ်စျေးနှုန်းထက်ပိုမိုရောင်းချခြင်းမပြုနိုင်ရေးအတွက် ထိန်းချုပ်တဲ့စည်းကမ်းချက်ပါရှိပါတယ်။ ဒီစည်းကမ်းချက်အပါအဝင် သဘောတူစာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက ဝယ်ယူခွင့်ရရှိသူများပေးသွင်းထားတဲ့ အာမခံစပေါ်ငွေ (Deposit)များကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူပြီးတော့ ဝယ်ယူခွင့်ရပ်စဲခြင်းများ ပြုလုပ်နိုင်ပါတယ်။

၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၅၀၀ ကျပ်တန် အောင်ဘာလေထီစာအုပ်များကို လစဉ်လာရောက်လျှောက်ထားဝယ်ယူသူဦးရေ ၃၇၀၀ ကျော်ရှိပါတယ်။ ထီစာအုပ်များကို ကြိုတင်မှာကြားတဲ့နေရာမှာ ထီဝယ်ယူရောင်းချလိုသူများရဲ့ အဆိုပြုတဲ့အရေအတွက်အပြင် ထပ်ဆောင်းပြီးတော့ အက္ခရာလုံးရေအပြင် အောင်ဘာလေသိန်းဆုဌာနခွဲ၊ ရုံးခွဲနှင့်မြို့နယ်ရုံးများကို လက်လီလာရောက်ဝယ်ယူမည့်ပြည်သူများရဲ့ ဝယ်လိုအားကိုပါ တွက်ချက်ပြီးတော့ အကြိမ်တိုင်း၊ အကြိမ်တိုင်းမှာ အရန်ထီအဖြစ်နဲ့ အက္ခရာလုံးရေတစ်လုံးကို ထပ်ဆောင်းမှာယူဖြန့်ဖြူးလျက်ရှိပါတယ်။ အောင်ဘာလေထီစာအုပ်များမှာယူခြင်းအပိုင်းမှာ ဝယ်ယူလိုသူများရဲ့ အဆိုပြုချက်၊ အချိန်ကာလအလိုက် ထပ်မံပေါ်ပေါက်လာနိုင်တဲ့ ဝယ်လိုအားစသည့်အခြေအနေများကို တွက်ချက်ပြီးတော့ အနည်းဆုံး သုံးလ ကြိုပြီးတော့ မှာရတာဖြစ်ပါတယ်။ ပုံနှိပ်တဲ့သူဖြစ်တဲ့ လုံခြုံရေးနှင့်ဆိုင်တဲ့ ပုံနှိပ်လုပ်ငန်းများ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ (စက်ရုံ)သို့ ကြိုတင်မှာကြားခြင်း၊ ရိုက်နှိပ်ပြီးသည့် ထီစာအုပ်များကို ကြိုတင်သယ်ယူပြီးတော့ ဂဏန်းများ၊ အက္ခရာများ မှုတစွာဖြန့်ဖြူးနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းများပြုလုပ်ရပါတယ်။

ယခုအခါမှာ ပြည်သူလူထုအနေနဲ့ ၅၀၀ ကျပ်တန် အောင်ဘာလေထီရဲ့ ဆုမဲပမာဏ မြင့်မားမှု၊ ဆုမဲအရေအတွက် များပြားမှုတို့ကြောင့် ယခင်ထက်စိတ်ဝင်စားမှုများ ပိုမိုမြင့်တက်လာတာကို တွေ့ရှိရပါတယ်။ ၂၀၁၈ ခုနှစ် မတ်လမှာ အက္ခရာ ၄၇ လုံး၊ ဧပြီလမှာ အက္ခရာ ၄၃ လုံး၊ မေလ၊ ဇွန်လနှင့် ဇူလိုင်လများမှာ အက္ခရာ ၄၅ လုံး၊ ဩဂုတ်လမှာ အက္ခရာ ၄၆ လုံးနှင့် စက်တင်ဘာလမှာ အက္ခရာ ၄၇ လုံး၊ အောက်တိုဘာလနှင့်နိုဝင်ဘာလများမှာ အက္ခရာ ၅၀ လုံးစီ ရောင်းချနိုင်ခဲ့သဖြင့် စုစုပေါင်း အက္ခရာ ၄၁၈ လုံးရောင်းချနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ နောက်ဆုံးဖွင့်လှစ်တဲ့ ကျပ် ၅၀၀ တန် အောင်ဘာလေထီမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလကုန်အထိမှာကြားတဲ့ အရေအတွက်အတိုင်း အက္ခရာလုံးရေ ၅၀ လုံးအထိ ကုန်စင်အောင်ရောင်းချနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

၂၀၁၇ ခုနှစ် မတ်လမှ ဒီဇင်ဘာလအထိ ၅၀၀ ကျပ်တန် အောင်ဘာလေထီအကွ်ရာ ၂၉၀ လုံး ကျော် ရောင်းချနိုင်ခဲ့ပြီးတော့ ၂၀၁၈ ခုနှစ် မတ်လမှ နိုဝင်ဘာလအထိ ၅၀၀ ကျပ်တန် အောင်ဘာလေ ထီအကွ်ရာ ၄၁၈ လုံးကျော်ရောင်းချနိုင်ခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် အကွ်ရာ ၁၂၈ လုံးခန့် ပိုမို ရောင်းချနိုင်တာကို တွေ့ရှိရပါတယ်။ နောက်ဆုံးဖွင့်လှစ်ခဲ့တဲ့ (၂၁)ကြိမ်မြောက် ၅၀၀ တန် အောင်ဘာလေ ထီဖွင့်ပွဲမှာ အကွ်ရာလုံးရေ ၅၀ လုံးကို လိုအပ်ချက်နှင့်အညီ ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပါတယ်။ (၁၈)ကြိမ်မြောက်အထိ ထီအကွ်ရာလုံးရေ ၄၆ လုံးထုတ်ဝေခဲ့ပြီးတော့ ထီလက်မှတ်အရေအတွက် ရွက်ရေအားဖြင့် ၄၁ သန်းနီးပါးရှိပါတယ်။ (၂၀)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲက စတင်ပြီးတော့ ထီအကွ်ရာလုံးရေ ၅၀ ခန့်အထိ တိုးမြှင့်ထုတ်ဝေခဲ့ရာမှ ထီလက်မှတ်အရေအတွက်သည် ရွက်ရေ ၄၅ သန်းခန့်ရှိလာပြီ ဖြစ်ပါတယ်။

ပြင်ပမှာ ထီဈေးနှုန်းတိုးမြှင့်ရောင်းချနေမှုသည် နေ့စဉ်လုပ်အားခနှုန်းထားနှင့်ဆက်စပ်လျက်ရှိ တာကိုလည်း လေ့လာချက်များအရ တွေ့ရှိရပါတယ်။ ယခင် တစ်နေ့လုပ်အားခ ၃ ကျပ် ၁၅ ပြား ရရှိခဲ့ တဲ့အချိန်မှာ ထီလက်မှတ်တစ်စောင်ရဲ့ရောင်းဈေးဟာ နှစ်ကျပ်ဖြစ်သည်ကို တွေ့ရှိရပါတယ်။ ထီစာအုပ် တစ်အုပ်မှာ ၁၁ စောင် ပါရှိခြင်းကြောင့် ထီတစ်အုပ်ရောင်းချပြီးပါက လက်လီထီရောင်းချသူအနေဖြင့် ကော်မရှင်ခ နှစ်ကျပ် ရရှိမှာဖြစ်ပါတယ်။ လက်လီထီရောင်းချသူတစ်ဦးသည် ယခင်က တစ်ရက်တွင် ထီနှစ်အုပ်ရောင်းချရုံဖြင့် တစ်နေ့လုပ်အားခပြည့်မီနိုင်ခဲ့သော်လည်း ယခုအခါမှာ တစ်နေ့လုပ်အားခ သည် ကျပ် ၅၀၀၀ ခန့်ဖြစ်ရာ ကျပ် ၅၀၀ တန် ထီစာအုပ် ၁၀ အုပ်ခန့် ကုန်စင်အောင် ရောင်းချနိုင် မှသာ တစ်နေ့ရရှိမည့်လုပ်အားခပမာဏကို ပြည့်မီစွာရရှိနိုင်မှာ ဖြစ်ပါတယ်။ ထီလက်မှတ်တန်ဖိုးနှင့် ရောင်းဈေးနှုန်းအခြေအနေများကို ပြန်လည်လေ့လာပါက ကျပ် ၁၀၀ တန် ထီလက်မှတ်များထုတ်ဝေ ရောင်းချခဲ့စဉ်က ထီတစ်စောင်တန်ဖိုးဟာ ပြင်ပပေါက်ဈေး ကျပ် ၂၀၀ လောက်ထိရောင်းချခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ၁၀၀ ရာခိုင်နှုန်းဈေးပိုမိုခဲ့ပါတယ်။ ကျပ် ၂၀၀ တန် ထီလက်မှတ်များ ထုတ်ဝေရောင်းချ ခဲ့စဉ်က ထီတစ်စောင်တန်ဖိုးဟာ ပြင်ပပေါက်ဈေးကျပ် ၃၅၀ လောက်ထိ ရောင်းချခဲ့တာကို တွေ့ရှိရ သဖြင့် ၇၅ ရာခိုင်နှုန်းအထိ ဈေးပိုမိုခဲ့ကြောင်း တွေ့ရှိရပါတယ်။ ယခု ကျပ် ၅၀၀ တန် ထီလက်မှတ်များ ထုတ်ဝေရောင်းချတဲ့အချိန်မှာ ပြင်ပပေါက်ဈေး ကျပ် ၆၀၀၊ ၇၀၀ ခန့်ရောင်းချသည့်အတွက် ၄၀ ရာခိုင်နှုန်းခန့် ဈေးနှုန်းပိုမိုလာတဲ့ အနေအထားဖြစ်ပါတယ်။ ယခုအခါမှာ ကျပ် ၁၀၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ စတင်ရောင်းချပြီး မတ်လ ဆန်းမှာ ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ထီလက်မှတ်တစ်စောင် ရောင်းဈေး တန်ဖိုးတိုးမြှင့်လာတာနှင့်အမျှ ချီးမြှင့်မည့်အမြင့်ဆုံးထီဆုမဲပမာဏကို တိုးမြှင့်ပေးခြင်း၊ အခြားသော ထီဆုမဲအရေအတွက်များကို တိုးမြှင့်ပေးခြင်းတို့ဖြင့် ပြည်သူလူထုက အောင်ဘာလေထီအပေါ်မှာ စိတ်ပါဝင်စားမှု ပိုမိုမြှင့်တက်လာစေဖို့အတွက် စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဈေးနှုန်းကြီးမြင့်မှုဟာ နေ့တွက်လုပ်ခနှင့် ဆက်စပ်လျက်ရှိတဲ့အတွက်ကြောင့် ကျပ် ၁၀၀၀ တန် အောင်ဘာလေထီလက်မှတ်များ တိုးချဲ့ထုတ်ဝေတဲ့အချိန်မှာ လက်လီရောင်းချသူတစ်ဦးအနေနဲ့ ကျပ် ၁၀၀၀ တန် အောင်ဘာလေထီ ငါးအုပ်ရောင်းချရုံဖြင့် ရရှိမည့်ကော်မရှင်ခသည် နေ့တွက်လုပ်ခကျပ် ၅၀၀၀ နှင့်တူညီစွာ ရရှိမှာဖြစ်ပါတယ်။ အခြေခံလူတန်းစားဖြစ်တဲ့ ထီလက်လီရောင်းချသူများရဲ့

ထီစာအုပ်များရောင်းချမှုက ရရှိမည့်ကော်မရှင်ခသည် အခြေခံနေ့တွက်လုပ်ခကို ပြည့်မီကျော်လွန်မှု ရှိမှသာ ထီဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ပြီးတော့ သတ်မှတ်တဲ့တန်ဖိုးအတိုင်း ရောင်းချနိုင်မှာ ဖြစ်ကြောင်းကိုလည်း သုံးသပ်တွေ့ရှိရပါတယ်။ ထီဈေးနှုန်းကြီးမြင့်မှုမရှိစေဖို့အတွက်တော့ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ လက်ကားဝယ်ယူဖြန့်ဖြူးမည့် ထီလုပ်ငန်းရှင်များအားလုံးကို လစဉ်ပုံမှန် အစည်းအဝေးခေါ်ပြီးတော့ တိုက်ရိုက်ဝယ်ယူရောင်းချသူများအနေနဲ့ ထီလက်မှတ်များကို သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချဖို့၊ မိမိထီဆိုင်အမည်နှင့် ထပ်ပြီးတော့ ထပ်ဆင့်ရောင်းချတဲ့ဆိုင်တွေကို ဈေးနှုန်းမြင့်မားမှုမရှိစေဖို့၊ ညှိနှိုင်းကြပ်မတ်ဖို့ ပင်ရင်းထီဆိုင်များမှ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချတဲ့ ထီအရောင်းကားတွေနှင့် လူစည်ကားရာနေရာများမှာ ရောင်းချပေးရန် စသည်တို့ကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့အပြင် ဈေးနှုန်းပိုမိုရောင်းချကြောင်း တိုင်ကြားခံရတဲ့ ထီဆိုင်တွေကို တိုင်ကြားချက်မှန်ကန်ကြောင်းစိစစ်တွေ့ရှိရလို့ရှိရင် ပင်ရင်းထီဆိုင်ရဲ့ကြီးကြပ်မှုအားနည်းတယ်လို့ သတ်မှတ်ပြီးတော့ အဆိုပါ ပင်ရင်းထီဆိုင်ကိုလည်း တာဝန်ရှိစေပြီးတော့ ၎င်းရဲ့ဝယ်ယူခွင့်အရေအတွက်ထဲကနေ ထီဆိုင်ခွဲရဲ့ အရေအတွက်ကို ဝယ်ယူခွင့်ရပ်ဆိုင်းခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ အောင်ဘာလေထီလက်မှတ်များကို လက်လီလက်ကားဝယ်ယူရောင်းချသူများနှင့် တစ်ဦးချင်း ထီကံစမ်းလိုသူများ လွယ်ကူအဆင်ပြေစွာ ဈေးနှုန်းကြီးမြင့်မှုမရှိဘဲ ဝယ်ယူရရှိနိုင်ရေးအတွက် ထီဝယ်ယူတဲ့လူများ ကြိုတင်မှာကြားတဲ့ အမှာစာအရ ရိုက်နှိပ်ရမည့်အကွခရာလုံးရေ အရေအတွက်အပြင် အရန်အနေနဲ့ ထီအကွခရာတစ်လုံး အုပ်ရေ ၈၁၈၁၈ အုပ်ကို လစဉ်ထပ်ဆောင်းရိုက်နှိပ် ဖြန့်ဖြူးလျက်ရှိပြီးတော့ ရန်ကုန်နှင့် မန္တလေးမြို့မှာ ရှိတဲ့ အောင်ဘာလေဌာနခွဲနှင့် ရုံးခွဲများမှာလည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှုးရုံးအသီးသီးမှာလည်းကောင်း ထီကံစမ်းလိုသူ ပြည်သူများအတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ လက်ရှိအောင်ဘာလေထီဖြန့်ဖြူးမှုစနစ်ကို ပြန်လည်သုံးသပ်လျက်ရှိပြီးတော့ အသစ်ထပ်မံထုတ်ဝေရောင်းချမည့် ကျပ် ၁၀၀၀ တန် အောင်ဘာလေထီလက်မှတ်များ ဖြန့်ဖြူးရောင်းချတဲ့အချိန်မှာ ကြိုတင်မှာကြားချက်၊ ဈေးကွက်လိုအပ်ချက်များနှင့်အညီ ထီအကွခရာလုံးရေကို မှာကြားရိုက်နှိပ်ဖြန့်ဖြူးပေးခြင်းအားဖြင့် ထီဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက်ကို ဆက်လက်စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ ထီဈေးနှုန်းကြီးမြင့်မှု မရှိစေရေး၊ ထီကံစမ်းလိုသူများ လိုသလောက်အလွယ်တကူဝယ်ယူကံစမ်းနိုင်ရေးနှင့် အောင်ဘာလေထီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို စီးပွားရေးလုပ်ငန်းရှင်ကြီးများက လက်ဝါးကြီးအုပ်ချုပ်ကိုင်မှု မပြုနိုင်စေရေးတို့အတွက် သတ်မှတ်ချက်နှင့်အညီ ကြိုတင်လျှောက်ထား၍ Deposit တင်သွင်းတဲ့ ထီလုပ်ငန်းရှင်များကို ဥပဒေနှင့်အညီ စာချုပ်ချုပ်ဆိုပြီးတော့ ရောင်းချခြင်း၊ စာချုပ်ပါစည်းကမ်းချက်များကို တိကျစွာလိုက်နာမှုမရှိတဲ့ ထီဝယ်ယူခွင့်လက်ကားလျှောက်ထားသူများနှင့် ဈေးနှုန်းတို့မြင့်ရောင်းချတဲ့ လက်ကားဆိုင်ကြီးတွေ/ လက်ခွဲ/လက်လီအရောင်းဆိုင်တွေကို မြို့နယ်များအလိုက် စိစစ်ဖော်ထုတ်ပြီးတော့ ထီစာအုပ်ဝယ်ယူခွင့် ပိတ်သိမ်းတာ၊ စပေါ်ငွေများသိမ်းယူတာစတဲ့ စီမံခန့်ခွဲမှုနည်းလမ်းများနှင့် အရေးယူကြပ်မတ်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ရေပူစစ်ဆေးရေးဂိတ်၏ ယာဉ်များ စစ်ဆေးရာလမ်းကြောင်း၊ စစ်ဆေးသည့်နေရာများ ယာဉ်သွားလာမှု အဆင်ပြေစေရန် ကောင်းမွန်သောလမ်းများ ခင်းထားပေးရန် အစီအစဉ်ရှိ/မရှိ၊ ယာဉ်စစ်ဆေးရာတွင် တာဝန်ကျဝန်ထမ်းများနှင့် ပြည်သူ့စစ်များ၏ ဆက်ဆံရေးကို ပြုပြင်ပြောင်းလဲလာစေရန် မည်သို့ ဆောင်ရွက်ပေးမည်နှင့် ပြည်ပသို့တင်ပို့သည့် ပါမစ်ရနွားကားများကို စစ်ဆေးသည့်အထူးအစီအစဉ် များရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ သိန္နီမြို့ ရေပူစစ်ဆေးရေးဂိတ်နဲ့ပတ်သက်တဲ့မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ ပိန်းဆာကျေးရွာအုပ်စု ရေပူစစ်ဆေးရေးဂိတ်ကို ၂၀၁၇ ခုနှစ် နောက်ပိုင်းမှ ပြန်လည်ဖွင့်လှစ်စစ်ဆေးခဲ့တာ အတက်ကားတွေကို ဂိတ်ရဲ့ညာဘက်ခြမ်း၊ အဆင်းကား တွေကို ဂိတ်ရဲ့ဘယ်ဘက်ခြမ်း လမ်းသွယ်များဖြင့် သွားရောက်စစ်ဆေးခံနေရပါတယ်။ လမ်းအူကြောင်း Main လမ်းကိုတော့ သံဆူးကြိုးတွေနဲ့ပိတ်ထားတာ တွေ့ရပါတယ်။ မော်တော်ယာဉ်တွေ အစစ်ဆေးခံ ရန် သွားတဲ့အခါမှာ လမ်းသွယ်တွေဖြစ်တဲ့ ညာဘက်ခြမ်းက ချိုင့်ခွက်တွေ၊ မညီမညာကျောက်ကြမ်း တွေ၊ လမ်းကြမ်းကြီးဖြစ်နေပါတယ်။ လမ်းကိုမပြုပြင်ဘဲ ဒီအတိုင်းပဲ မော်တော်ယာဉ်ကားကြီးကားငယ် နေ့စဉ်သွားရောက်အစစ်ဆေးခံနေတာ တွေ့ရပါတယ်။ ပြင်ခဲ့ရင်လည်းပဲ ချိုင့်ခွက်တွေကို အပေါ်ယံ သဲဖို့ပြီး ရေလောင်းပြီးတော့ မကြာမီမှာပဲ လမ်းကပြန်လည်ပျက်ပြီးတော့မှ ချိုင့်တွေ၊ ခွက်တွေ ပြန်ဖြစ် သွားတာကို တွေ့ရပါတယ်။ ကျွန်တော့်ထံကို Messenger ကနေတစ်ဆင့် ဒီချိုင့်ခွက်တွေဟာ မုန့်လင်မယားကြော်တဲ့ အိုးပမာဖြစ်နေပြီးတော့မှ ကားကြီးကားငယ် ခက်ခက်ခဲခဲသွားရောက် အစစ်ဆေးခံရတာဟာ ခရီးသွားပြည်သူများအတွက် နေ့စဉ်စိတ်အနှောင့်အယှက်ဖြစ်နေရကြောင်း လမ်းများ၊ ချိုင့်ခွက်များ၊ အဖုအထစ်များဟာ ကားကိုနာစေကြောင်း အစစ်ဆေးခံတဲ့အခါ ကားကို မောင်းပြေးစရာအကြောင်းမရှိပါ။ မိမိတို့ အနိုင်ကျင့်သလိုခံစားနေရကြောင်း၊ ရိုးရိုးသားသားခရီးသွား တွေကို လုပ်ပိုင်ခွင့်သုံးပြီးတော့ စော်ကားနေတယ်လို့ ခံစားနေရကြောင်း ကျွန်တော့်ဆီကို တင်ပြလာ တာ တွေ့ရပါတယ်။ ရေပူစစ်ဆေးရေးဂိတ်ရဲ့တာဝန်ကျတဲ့အချို့သောဝန်ထမ်းတွေ၊ ပိန်းဆာပြည်သူ့စစ် တို့ရဲ့ လူထုအပေါ်ဆက်ဆံရေးဟာလည်း ခက်ထန်မာကြောနေတဲ့လေသံများရှိကြောင်း တင်ပြလာတာ တွေ့ရပါတယ်။ တရုတ်ပြည်ကို တင်ပို့တဲ့နွားကားတွေကလည်းပဲ တင်ခွင့်ပါမစ်ရထားသော်လည်း ရထားတဲ့ပါမစ်အကန့်အသတ်ထက် ပိုမိုတင်ဆောင်နေတယ်လို့ သတင်းထွက်နေတယ်။ ဒါကြောင့်မို့လို့ အထူးစစ်ဆေးတဲ့အစီအစဉ်များ လိုအပ်ကြောင်း လူထုတွေကနေ တင်ပြလာတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ဒါ ချိုင့်ခွက်တွေ ဖြစ်ပါတယ်။ ထို့ကြောင့် မေးမြန်းလိုသည်မှာ ရေပူစစ်ဆေးရေးဂိတ်ရဲ့ ယာဉ်တွေသွားလာရာ လမ်းကြောင်း စစ်ဆေးတဲ့နေရာတွေကို ယာဉ်သွားလာမှုအဆင်ပြေစေရန် ကောင်းမွန်သောလမ်းများ

ခင်းပေးရန်အစီအစဉ်ရှိ/မရှိ၊ မရှိပါကအဘယ်ကြောင့်နည်း။ မည်သည့်အချိန်ကာလများမှာ ဆောင်ရွက်ပေးမည်။ ယာဉ်စစ်ဆေးရာတွင် တာဝန်ကျဝန်ထမ်းများနှင့် ပြည်သူ့စစ်တွေက ဆက်ဆံရေးကို ပြုပြင်ပြောင်းလဲလာစေရန် မည်သို့ဆောင်ရွက်ပေးမည်။ ပြည်ပသို့တင်ပို့တဲ့ ပါမစ်ရနွားကားတွေကို စစ်ဆေးတဲ့နေရာမှာ အထူးအစီအစဉ်များဖြင့် ပြန်လည်စစ်ဆေးမည့်အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းရဲ့ မေးခွန်းများကို ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့ရဲ့ဖြေကြားချက်များနဲ့ပေါင်းစပ်ပြီးတော့ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေပူစစ်ဆေးရေးဂိတ်ရဲ့ ယာဉ်များစစ်ဆေးရာလမ်းကြောင်း၊ စစ်ဆေးတဲ့နေရာများ ယာဉ်သွားလာမှု အဆင်ပြေစေရန် ကောင်းမွန်သောလမ်းများ ခင်းထားပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ဖြေကြားချက်အရ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့် Oriental Highway Co.,Ltd တို့ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် ၁၉၈ မိုင် ၆ ဖာလုံနှင့် ၁၉၉ မိုင် ၀ ဖာလုံကြားမှာ လမ်းဖြတ်သန်းခကောက်ခံရေးဂိတ်ရဲ့ ညာဘက်ခြမ်းနှင့် ဘယ်ဘက်ခြမ်းမှာ ရေပူစစ်ဆေးရေးဂိတ်တည်ရှိပါတယ်။ စစ်ဆေးရေးဂိတ် အဝင်/အထွက်လမ်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် လမ်းအပိုင်းမှာ ပါဝင်ခြင်း မရှိပါကြောင်း သိရှိရပါတယ်။

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းရဲ့ အကွယ်ချပုံစံအရ လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းမကြီးရဲ့အရှေ့ဘက်ခြမ်း(ညာဘက်ခြမ်း)မှာ ပို့ကုန်ယာဉ်စစ်စင်နှင့် လမ်းမကြီးရဲ့အနောက်ဘက်ခြမ်း(ဘယ်ဘက်ခြမ်း)မှာ သွင်းကုန်ယာဉ်စစ်စင်များရှိပါတယ်။ လားရှိုးမှ မူဆယ်သို့သွားတဲ့ ယာဉ်များသည် လမ်းမကြီးမှ ပို့ကုန်စစ်ဆေးရေးဘက်အခြမ်းလမ်းကြောင်းသို့ ဝင်ရောက်၍လည်းကောင်း၊ မူဆယ်မှလားရှိုးသို့သွားတဲ့ယာဉ်များသည် သွင်းကုန်စစ်ဆေးရေးဘက်လမ်းကြောင်းမှ ဝင်ရောက်၍လည်းကောင်း စစ်ဆေးခံရပါတယ်။ ပြည်ထောင်စုလမ်းမကြီးကို သံဆူးကြိုးဖြင့် ပိတ်ထားခြင်းမဟုတ်ဘဲ ဘီးတပ်ဘယ်ရီဂိတ်များကိုသာထားရှိပြီးတော့ ယာဉ်ထိန်းရဲတပ်ဖွဲ့များဖြင့်

တာဝန်ချထားခြင်းဖြစ်ပါတယ်။ လမ်းကြောင်းများရှိ စစ်ဆေးရေးစခန်းများအားလုံးမှာ ဆောင်ရွက်လေ့ရှိတဲ့ အတားအဆီးပုံစံများအတိုင်း ပုံမှန်ဆောင်ရွက်ထားရှိခြင်းသာ ဖြစ်ပါတယ်။

လမ်းမကြီးမှစစ်ဆေးရေးစခန်းသို့ဝင်ရောက်သောလမ်းကြောင်းများအနေဖြင့် ပို့ကုန်စစ်ဆေးရေးဘက်အခြမ်းမှာ အလျား ၇၅၀ ပေ၊ အနံ ၅၇ ပေခန့်ကျယ်တဲ့ ကျောက်ခင်းလမ်းနှင့် သွင်းကုန်စစ်ဆေးရေးဘက်အခြမ်းမှာ အလျား ၇၀၀ ပေ၊ အနံ ၅၇ ပေ ခန့်ကျယ်တဲ့ ကျောက်ခင်းလမ်းများရှိပါတယ်။ လမ်းမကြီးမှ စခန်းအတွင်းသို့ဝင်ရောက်တဲ့ ကျောက်ခင်းလမ်းမကြီးများသည် ပြည်ထောင်စုလမ်းမကြီးများထက် ပိုမိုကျယ်ပြန့်ပြီးတော့ ရာသီမရွေးယာဉ်ကြီး၊ ယာဉ်ငယ်များစွာ၊ ကုန်တန်ချိန်များစွာနဲ့ ဖြတ်သန်းမှုများကြောင့် အခါအားလျော်စွာချိုင့်များ၊ ခွက်များဖြစ်ပေါ်မှုများရှိပါတယ်။ လောလောဆယ်အခြေအနေမှာ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းရဲ့ အကူအညီတောင်းခံမှုနဲ့ ပြည်ထောင်စုလမ်းမကြီးရဲ့ ဆောက်လုပ်ရေးတာဝန်ယူထားတဲ့ B.O.T ကုမ္ပဏီကနေပြီးတော့ ကျောက်ခင်းခြင်း၊ မြေဖို့ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါလမ်းများကို ကုမ္ပဏီအနေနဲ့ လမ်းများပျက်စီးလျှင်ပျက်စီးခြင်း ပြုပြင်ပေးလျက်ရှိပါတယ်။ ယခုအခါမှာ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းရဲ့ မြေနေရာ ၈.၉၆ ဧကကို အကောက်ခွန်ဦးစီးဌာနပိုင် ဂရမ်မြေအဖြစ်နဲ့ ခွင့်ပြုချက်ရရှိဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ အကောက်ခွန်ဦးစီးဌာနပိုင်အဖြစ်နဲ့ ရရှိပြီးပါက နိုင်ငံတော်ဘဏ္ဍာငွေ၏ ဘဏ္ဍာငွေရန်ပုံငွေခွင့်ပြုချက်ဖြင့် စခန်းအတွင်းမှာရှိတဲ့ ကျောက်ခင်းလမ်းမကြီးများကို ပိုမိုကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယာဉ်စစ်ဆေးရာမှာ တာဝန်ကျဝန်ထမ်းများနှင့် ပြည်သူ့စစ်များရဲ့ဆက်ဆံရေးကို ပြုပြင်ပြောင်းလဲလာစေရန် မည်သို့ဆောင်ရွက်ပေးမည်ဟူတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနများမှပူးပေါင်းအဖွဲ့များ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ စခန်းတည်မြဲအမိန့်ထုတ်ပြန်ပြီးတော့ တာဝန်ကျဌာနဆိုင်ရာအသီးသီးရဲ့ လုပ်ငန်းတာဝန်များကို သတ်မှတ်ထားရှိပါတယ်။ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် တရားမဝင်ကုန်ပစ္စည်းများ၊ လူများစစ်ဆေးခြင်းကို တည်မြဲအမိန့်ပါ သတ်မှတ်ချက်များအတိုင်းဆောင်ရွက်ပြီးတော့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပိန်းဆာပြည်သူ့စစ်အဖွဲ့များသည် တည်မြဲအမိန့်အရ စခန်းရဲ့အတွင်းစည်း၊ အပြင်စည်း လုံခြုံရေးပိုင်းဆိုင်ရာများကိုသာ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ တာဝန်သတ်မှတ်ချက်အရ ခရီးသည်ယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် တိုက်ရိုက်ထိတွေ့ပြောဆိုဆက်ဆံရန် မလိုအပ်ပါဘူး။ စခန်းမှာရှိတဲ့ ဌာနဆိုင်ရာဝန်ထမ်းများအားလုံးကိုလည်းပဲ ပြည်သူလူထုနှင့် ထိတွေ့ပြောဆိုဆက်ဆံရာမှာ ပြေပြစ်စွာဆောင်ရွက်ကြဖို့ အထူးအလေးထားပြီးတော့ မှာကြားရှင်းလင်းမှုများ ပြုလုပ်လျက်ရှိပြီး ဆက်လက်ပြီးတော့လည်း ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့လည်း ရေပူစစ်ဆေးရေးစခန်းမှာ တာဝန်ထမ်းဆောင်မယ့် တပ်ဖွဲ့ဝင်များကို တာဝန်ရှိသူအဆင့်ဆင့်က ပြည်သူလူထုနှင့် ဆက်ဆံရေးပြေပြစ်ဖို့နှင့်အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်များ မဖြစ်ပွားစေရန် ညွှန်ကြားထားရှိပြီးတော့ ကုန်စစ်ဆေးတဲ့နေရာများမှာလည်း သိသာထင်ရှားတဲ့ဆိုင်းဘုတ်နဲ့ လုံခြုံရေးကိစ္စနှင့် တရားမဝင်ကုန်ပစ္စည်းများ

စစ်ဆေးနေပါသည်၊ ကြည့်ဖြူစွာစစ်ဆေးမှုခံယူ၍ ပူးပေါင်းကူညီဆောင်ရွက်ပေးပါရန် ဟု ရေးသား အသိပေးထားရှိပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လုံခြုံရေးနှင့်ပတ်သက်ပြီးတော့၊ အလေး ထားဆောင်ရွက်လျက်ရှိပြီးတော့ ဥပဒေနှင့်ညီညွတ်မရှိတဲ့ကိစ္စရပ်များဖြစ်ပေါ်လာပါက ဥပဒေနှင့်အညီ အမှုဖွင့်လှစ်ပြီးတော့ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပါမစ်ရနွားကားများ စစ်ဆေးခြင်းနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ပြည်ပသို့တင်ပို့သည့် ပါမစ်ရနွားကားများကို တိရစ္ဆာန်သယ်ဆောင်ခွင့်အထောက်အထားမှန်ကန်ခြင်းရှိ/မရှိ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် လက်မှတ်ပါရှိခြင်းရှိ/မရှိ၊ သက်ဆိုင်ရာ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးသောကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ် (PC-1)နှင့် ကျန်းမာကြောင်းထောက်ခံချက်လက်မှတ်(PC-3)ပါရှိခြင်းရှိ/မရှိ၊ သက်ဆိုင်ရာ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တပ်ဆင်ပေးသော(Ear Tag No) နားကပ်နံပါတ် မှန်ကန်ခြင်း ရှိ/မရှိ၊ ခွင့်ပြုကောင်ရေကိုက်ညီမှုရှိ/မရှိ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တင်ပြထားသော တိရစ္ဆာန်သယ်ဆောင်မည့်ယာဉ်၊ ယာဉ်နံပါတ်၊ ကောင်ရေကိုက်ညီခြင်းရှိ/မရှိ၊ အမှန်တကယ် ကျန်းမာ ခြင်းရှိ/မရှိ စသည်တို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းမှ ထွက်ရှိတဲ့ ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင်လည်းကောင်း၊ နိုင်ငံတော်နှင့် ပြည်သူများရဲ့လိုအပ်ချက်အရ ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းရောင်းချရာတွင်လည်းကောင်း ပို့ကုန်၊ သွင်းကုန်လိုင်စင်များကို စိစစ် ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။ ရေပူစစ်ဆေးရေးစခန်းတွင်လည်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းလေးဦးကနေပြီးတော့ ပူးပေါင်းဆောင်ရွက်လျက် ရှိပြီးတော့ အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်ကိုးခုမှာ ဖွဲ့စည်းဆောင်ရွက်လျက်ရှိတဲ့ တိုင်းဒေသကြီးအဆင့် တရားမဝင်ကုန်စည်စီးဆင်းမှု တားဆီး ထိန်းချုပ်ရေးအထူးအဖွဲ့များမှာလည်းပဲ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့ပြင် ပြည်ပသို့ တင်ပို့တဲ့ ကျွဲ၊ နွားများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ တိရစ္ဆာန်ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ်နှင့် ပြည်ပတင်ပို့ခွင့်ထောက်ခံချက်တို့ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနက ပို့ကုန်လိုင်စင်ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။

နွားတင်ပို့မယ့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှာ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ တာဝန်ကျဝန်ထမ်းများက သတ်မှတ်စာရွက်စာတမ်းများ စုံလင်စွာပါဝင်ခြင်းရှိ/မရှိ၊ သယ်ဆောင်တဲ့ကောင်ရေနှင့်အမျိုးအစား မှန်ကန်ကိုက်ညီမှုရှိ/မရှိ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေး ဆောင်ရွက်လျက်ရှိပြီးတော့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကျရင်လည်းပဲ ထပ်မံစစ်ဆေးပြီးတော့ တင်ပို့လျက်ရှိပါတယ်။ ယင်းသို့တရားဝင်လမ်းကြောင်းမှ ပို့ဆောင်မှုကို စစ်ဆေးဆောင်ရွက်တဲ့အပြင် တရားမဝင်လမ်းကြောင်းများက တင်ပို့မှုများကိုလည်း ဒေသအာဏာပိုင်များ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီးတော့ အထူးအဖွဲ့များ ဖွဲ့စည်းပြီးတော့ စစ်ဆေးဖမ်းဆီးလျက်ရှိပါတယ်။ ၂၆-၃-၂၀၁၇

**မူကြမ်း**

ရက်နေ့ကနေပြီးတော့ ယနေ့အထိ ဖမ်းဆီးရမိမှုနှစ်ခုရှိပြီးတော့ နွားကောင်ရေအားဖြင့် ၈၄ ကောင် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က နိုင်ငံတော်ပိုင်မြေယာများ၊ အဆောက်အအုံများ၊ လုပ်ငန်းများအပေါ်အခြေပြု၍ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ခွင့်ပြုခဲ့သော စီမံကိန်းများအား ပြန်လည်သုံးသပ်စစ်ဆေးကာ ကတိကဝတ်နှင့်မညီညွတ်ပါက ခွင့်ပြုချက်ရပ်ဆိုင်းခြင်း၊ ထိုက်သင့်သော အရေးယူမှုများပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအတွက် အကျိုးရှိသော စီမံကိန်းသစ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံပိုင်အရင်းအမြစ်များအတွက် အမှန်တကယ်အကျိုးရှိလာစေရေးစီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ခင်စန်းလှိုင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ဒီနေ့ပြည်သူ့လွှတ်တော်မှာ နိုင်ငံသူနိုင်ငံသားများအကျိုးငှာ အဆိုတစ်ရပ်ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်မရဲ့အဆိုကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာဖြင့် ခွင့်တောင်းခံအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံဟာ လွန်ခဲ့တဲ့ကာလအဆက်ဆက်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရများရဲ့ ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအနှံ့အပြားမှာ နိုင်ငံပိုင်မြေယာများ၊ အဆောက်အအုံများနှင့် လုပ်ငန်းတွေကို လွှဲပြောင်းရယူပြီး ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်မယ်ဆိုတဲ့ ကတိကဝတ်အမျိုးမျိုးနှင့် ရယူခဲ့ကြတဲ့စီမံကိန်းတွေနဲ့ တချို့ဟာ လုံးဝအကောင်အထည်ဖော်မှုမရှိသေးခြင်း၊ တစ်ပိုင်းတစ်စအကောင်အထည်ဖော်၍ ရပ်ဆိုင်းထားခြင်းတွေရှိနေပါတယ်။ ဒီလိုကိစ္စမျိုးတွေနဲ့ ပတ်သက်ပြီး လွှတ်တော်မှာ ကျွန်မအပါအဝင် လွှတ်တော်ကိုယ်စားလှယ်တွေဟာ မကြာခဏမေးမြန်းခဲ့ကြပြီး ပြတ်သားတဲ့အဖြေနဲ့ မူဝါဒတွေဖြစ်ပေါ်မလာသေးတဲ့အတွက်ကြောင့် ဥပဒေပြုမဏ္ဍိုင်ဖြစ်တဲ့ ကျွန်မတို့လွှတ်တော်ကြီးကနေ ဆုံးဖြတ်ချက်(Resolution) တစ်ရပ်ကို ချမှတ်ပေးသင့်ပြီလို့ ကျွန်မအနေနဲ့ယုံကြည်တဲ့အတွက် ဒီအဆိုကိုတင်သွင်းရခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတကာနှင့်ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအသစ်များ ဖိတ်ခေါ်လျက်ရှိတဲ့ ကျွန်မတို့ဒီနေ့နိုင်ငံမှာ ဒီလိုအခြေအနေတွေဟာ တိုင်းပြည်တိုးတက်ရေးအတွက် အဟန့်အတားဖြစ်

လျက်ရှိပါတယ်။ ပြင်ပပုဂ္ဂလိကပိုင်မြေတွေကိုဝယ်ယူပြီး စက်ရုံ၊ အလုပ်ရုံဆောက်မယ်။ အိမ်ရာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်မယ်ဆိုရင် မြေဈေးဟာ အဆမတန်ကြီးမားနေတာကြောင့် လုပ်ငန်းရှင်တွေမှာ အင်မတန်မှ အခက်အခဲဖြစ်ကြရပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေဟာ မြေယာကို အစိုးရက အလကားစီစဉ်ပေးတဲ့ ဗီယက်နမ်လိုနိုင်ငံမျိုးဆီကို ရောက်ကုန်ကြပါတယ်။ ကျွန်မတို့မှာ လျှပ်စစ်ဓာတ်အားရရှိရေး၊ သုံးစွဲရေရရှိရေးနှင့် တခြားအခက်အခဲတွေအပြင် ကမ္ဘာ့ဘဏ်ညွှန်းကိန်း Ease of Doing Business မှာလည်း အဆင့်အတန်းတက်လာအောင် ဝန်ကြီးဌာနတွေ ကြိုးစားရုန်းကန်နေကြရတာလည်း အမှန်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုဖြစ်နေတဲ့ကိစ္စတွေ၊ အခုပြောနေတဲ့ကိစ္စတွေကြောင့် အိတ်ပေါက်နှင့် ဖားကောက်သလိုပဲ ဖြစ်နေရပါတယ်။ လုပ်ငန်းတွေဖြစ်ထွန်းမလာတာနဲ့အမျှ နိုင်ငံအတွက်အခွန်ငွေတွေကို ကာလတစ်ခုအထိခွင့်ပြုပေးထားရတာက ရေရှည်ရင်းနှီးမြှုပ်နှံသူတွေအတွက် အခွင့်အလမ်းပေးထားတာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကတော့ အင်မတန်အရေးကြီးတဲ့လက်ငင်းအကျိုးရလဒ်ပဲ ဖြစ်ပါတယ်။ အရင်းအမြစ်တွေရှိနေပါလျက်နဲ့၊ အခွင့်အလမ်းတွေ ရနိုင်ပါလျက်နဲ့ ခေတ်အဆက်ဆက်ချုပ်ဆိုခဲ့တဲ့စာချုပ်ပါ လုပ်ငန်းတွေကို ထိရောက်အောင် အကောင်အထည်မဖော်နိုင်တာကြောင့် အချိန်နှင့်အမျှ တိုင်းပြည်ရဲ့ စီးပွားရေးဟာ နစ်နာဆုံးရှုံးနေရပါတယ်။ တစ်ချိန်က ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအတွက် လွန်ခဲ့တဲ့အစိုးရတွေ ချခဲ့တဲ့မူကတော့ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံတွေကို နိုင်ငံတော်ကဆက်လက်အလုပ်လုပ်မယ်။ အကျိုးအမြတ်ရစေဖို့ မလုပ်နိုင်ဘူးလို့ယူဆရတဲ့အခါ ဒါမှမဟုတ် တတ်/ပြင်ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက်ကို နိုင်ငံက မဖြည့်ဆည်းလိုတဲ့အခါမှာ အမှန်တကယ်ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်းရှင်တွေကို တန်သင့်တဲ့နှုန်းထားနဲ့ငှားရမ်းပေးခြင်းဖြင့် ဖက်စပ်သတ်မှတ်ဆောင်ရွက်စေခြင်း၊ လုပ်သားတွေကို မူလအတိုင်းဆက်လက်ခန့်ထားပြီး သူတို့ဘဝကို အရင်နိုင်ငံ့ဝန်ထမ်းဘဝထက် ပိုမိုပြီးတော့မှ အဆင့်မြှင့်တင်စေခြင်းစတဲ့ရည်ရွယ်ချက်ကောင်းတွေရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လက်တွေ့မှာတော့ ဒီနေ့ကိုယ်စားလှယ်များကိုယ်တိုင် သိရှိထားကြတဲ့အတိုင်း၊ နမူနာများစွာအတိုင်းပါပဲ။ နိုင်ငံ့အရင်းအမြစ်တွေဟာ အကြောင်းပြချက်အမျိုးမျိုး၊ စာချုပ်အမျိုးမျိုးနဲ့ လူတချို့လက်ထဲမှာ ရောက်ရှိနေပါတယ်။ တချို့ဈေးနှုန်းတွေက တစ်ဧကငွေကျပ် ထောင်ဂဏန်း၊ သောင်းဂဏန်းနဲ့ ငှားရမ်းထားတာတွေ့ရသလို တချို့စာချုပ်တွေမှာလည်း မည်သည့်လုပ်ငန်းမဆို လွှဲပြောင်းလုပ်ကိုင်တာကို နိုင်ငံတော်က၊ ဌာနက စွက်ဖက်ခွင့်မရှိလို့ ပါတာ။ တချို့နှစ် ၃၀၊ တချို့နှစ် ၇၀ အထိ ငှားရမ်းထားတာတွေ ဖြစ်ပါတယ်။ ဒီကိစ္စအတွက် ကျွန်မတို့လက်ထဲမှာ အထောက်အထားပေါင်းများစွာရှိသလို ကျွန်မတို့ရဲ့လွှတ်တော်ထဲမှာရှိနေတဲ့ ကိုယ်စားလှယ်ကြီးတွေမှာလည်း အထောက်အထားအချက်အလက်တွေရှိနေပြီဖြစ်မယ်လို့ ကျွန်မအနေနဲ့ယူဆပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ တစ်ခုချင်းကို အသေးစိတ်မတင်ပြတော့ဘဲနဲ့ ဒီအဆိုကို ဆွေးနွေးကြမယ့် ကိုယ်စားလှယ်ကြီးများရဲ့ ဆွေးနွေးချက်တွေကနေတစ်ဆင့် ကျွန်မတို့တစ်တွေ တွေ့လာရ၊ သိလာရမှာပဲ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ပြီးခဲ့တဲ့ သုံးနှစ်၊ လေးနှစ်အတွင်း ဌာနတချို့ရဲ့အငှားချထားမှုတွေကိုပဲ ဥပမာအနေနဲ့တင်ပြလိုပါတယ်။ အခုကျွန်မတို့ Power Point မှာ တင်ပြထားတဲ့အတိုင်းပါပဲ။ ၂၀၁၆ ခုနှစ် အစိုးရအပြောင်းအလဲမလုပ်ခင်မှာ အထူးသဖြင့် ဒါမျိုးတွေကို သတိပြုကြဖို့ ပြည်သူ့လွှတ်တော်မှာ

ကျွန်မအနေနဲ့ အဆိုတစ်ရပ်ကိုတင်သွင်းခဲ့ပြီး ဒီအဆိုကို အတည်ပြုပြီးလို့ နှစ်ပတ်အကြာမှာပဲ အဲဒီခေတ်က လယ်/ဆည်ဝန်ကြီးဌာနက အငှားချထားခဲ့တဲ့မြေဧရိယာဧကပေါင်း ၂၀၀၀၀ ကျော်နှင့် အဆောက်အအုံပေါင်း ၂၀၀၀ ကျော်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ တော်တော်အလုပ်လုပ်ခဲ့ကြတယ်လို့ပဲ ဆိုနိုင်ပါတယ်။ အဲဒီတော့ ခြံစိုက်ခင်းတွေကို ငှားရမ်းပုံကို ကြည့်မယ်ဆိုလို့ရှိရင်လည်း တစ်ဧကကို တစ်လ ၈၀၀ ကျပ်နှုန်းနဲ့ငှားရမ်းထားတာ တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ အဆောက်အအုံတွေ ငှားရမ်းမှုက မြင်ရတဲ့အတိုင်းပါပဲ။ ဒီငှားရမ်းမှုတွေရဲ့စာချုပ်တွေကို ပြန်စိစစ်သင့်ပါတယ်။ စာချုပ်တွေဆိုရင် တစ်ဖက်စောင်းနင်းဖြစ်နေတာတွေကိုလည်း ကျွန်မတို့တွေ့ရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဆိုလို့ရှိရင် ၅၄၁ ဧကရှိတဲ့ နိုင်ငံပိုင်ပလိပ်ချည်မျှင်နှင့်အထည်စက်ရုံဆိုလို့ရှိရင် မူလအငှားချစဉ် ၂၀၁၃ ခုနှစ်တုန်းက ချည်မျှင်နှင့်အထည်နဲ့ဆိုင်တဲ့လုပ်ငန်းတွေလုပ်ဖို့အငှားချခဲ့ပေမဲ့ တစ်နှစ်ကျော်အကြာမှာ တခြားလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခွင့်ရှိသည်လို့လည်းကောင်း၊ စာချုပ်ရပ်စဲရေးအပိုင်းမှာလည်း မည်သို့သောအကြောင်းပြချက်နှင့်မျှ အငှားချထားခြင်းခံရသူရဲ့သဘောတူညီချက်မရှိဘဲ ပျက်ပြယ်ခွင့်မရှိလို့လည်းကောင်း ပြင်ဆင်လိုက်တာကို တွေ့ရပါတယ်။ နိုင်ငံပိုင်ပစ္စည်းများကို လုပ်ချင်သလို လုပ်လို့ရပြီး ပြည်သူတွေ လက်မခံချင်တောင်မှ ရပ်လို့မရဘူးဆိုတဲ့သဘောမျိုး ဖြစ်နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင်လည်း အင်လျားကန်ထဲကို မြေတွေဖို့ပြီး တိုးချဲ့တာနဲ့ ကန့်ကွက်ခံထားရတဲ့၊ ရပ်နားထားရတဲ့ မြကျွန်းသာအပန်းဖြေဥယျာဉ်ဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဖွဲ့ပြီး စစ်ဆေးမယ်ပြောခဲ့တာ သုံးနှစ်ကြာပြီဖြစ်ပါတယ်။ ဒီအတိုင်း ထိုးထိုးထောင်ထောင်ရပ်ဆိုးစွာ ကျွန်မတို့တွေ့နေရပါတယ်။ စည်းကမ်းမလိုက်နာတဲ့စီမံကိန်းဆိုရင် ပယ်ဖျက်ရမှာပဲ ဖြစ်ပါတယ်။ ပြည်သူ့ဥယျာဉ်ထဲက မြေနေရာ ၇၆.၇၃ ဧက ငှားရမ်းယူခဲ့တဲ့ Natural World ကုမ္ပဏီဆိုရင်လည်း တိုင်ကြားစာတွေ၊ ပြဿနာတွေပေါင်းများစွာနဲ့ ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ ဒါတွေကို မူရင်းစာချုပ်ကနေစပြီး ပြန်လည်စစ်ဆေးသင့်ပြီဖြစ်ပါတယ်။ တစ်ခါ တလောကပဲ ဒီပြည်သူ့လွှတ်တော်ကြီးထဲမှာပဲ ကျွန်မမေးခွန်းမေးခဲ့ပါတယ်။ ကျွန်မတို့ရန်ကုန်မြို့ရဲ့ Eco Green City ဆိုရင် ငှားရမ်းခဲ့တာ သုံးနှစ်ရှိပြီဖြစ်ပါတယ်။ အခုမှ စက်ယန္တရားလေးတချို့ကိုလာချ၊ ယာယီတဲလေးထိုးပြနေတာကိုလည်း ကျွန်မတို့တွေ့ရပါတယ်။ အဲဒီတော့ ဒါတွေကိုလည်း ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ပါစိစစ်ပြီး စဉ်းစားဖို့နဲ့ အရေးယူသင့်တာကို အရေးယူဖို့ရာအတွက် ကျွန်မတို့တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဒီနေ့ကျွန်မအနေနဲ့ ဒီအဆိုကို လွှတ်တော်ကြီးမှာ တင်သွင်းရတာဟာ တစ်ချိန်က အစိုးရအဆက်ဆက်ရဲ့ကတိကဝတ်တွေ၊ စာချုပ်တွေကို ပျက်စီးစေလိုခြင်း မဟုတ်ပါဘူး။ ကျွန်မတို့လုပ်ကိုင်ခွင့်တွေယူထားပြီးတော့မှ ဘာမှဖြစ်မလာတဲ့စီမံကိန်းတွေ၊ တစ်ချိန်ချိန်မှာ ပြည်ပရင်းနှီးမြှုပ်နှံသူတွေရောက်လာမှ JV လုပ်ဖို့ နေရာကြိုဦးထားတာတွေဟာ ဟိုတယ်တွေ၊ စက်ရုံတွေ၊ အလုပ်ရုံတွေ၊ သမဝါယမပိုင်မြေတွေတင်မကဘဲနဲ့ ထုံးကျောက်တောင်တွေ၊ တခြားသယံဇာတလုပ်ကွက်တွေအထိပါ ပါဝင်နေပါတယ်။ တစ်ခါ BOT လမ်းတွေဆိုလို့ရှိရင်လည်း နိုင်ငံတော်ကဖောက်ထားတဲ့လမ်းတွေရဲ့အပေါ်မှာ ဖာထေးပြီးမှ ငွေကောက်ခံနေတာတွေအထိပါ ပါဝင်နေတာကို ကျွန်မတို့တွေ့နေရပါတယ်။ ဒါတွေအားလုံးဟာဆိုလို့ရှိရင် သုံးနှစ်အတွင်း တချို့ဆိုလို့ရှိရင် တစ်နှစ်အတွင်း စတင်အကောင်အထည်ဖော်ရမယ်ဆိုတာတွေ၊ ဘယ်နှနှစ်အတွင်း ဘယ်လောက်အထိ

တိုးတက်ရမယ်ဆိုတာတွေ၊ ကတိကဝတ်တွေရှိပါတယ်။ ဒါတွေကို လိုက်နာခြင်းရှိ/မရှိကို ပြန်လည်စိစစ်သင့်ပါတယ်။ တစ်ခါ ခေတ်နှင့်ဘယ်လိုမှမညီညွတ်တော့တဲ့ စာချုပ်ပါကတိကဝတ်တွေကိုလည်း ပြန်လည်စိစစ် Review လုပ်ပြီး ပြင်ဆင်စာချုပ်ချုပ်ဆိုကြဖို့၊ ဆက်လက်စောင့်ကြည့်ကြဖို့ လိုအပ်ပါတယ်။ ဒီနေ့အထူးသဖြင့် ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာ ကျွန်မတို့အစိုးရအဆက်ဆက်အတွက် အလားတူကိစ္စရပ်မျိုးတွေမှာ ဥပဒေနှင့်နည်းပညာကူညီပေးမယ့် နိုင်ငံတကာအဖွဲ့အစည်းတွေလည်း ရှိနေပြီဖြစ်ပါတယ်။ တကယ်အလုပ်လုပ်လား။ မလုပ်လား။ တကယ်ထိုက်တန်ရဲ့လား။ မထိုက်တန်ဘူးလားဆိုတာကို ကျွန်မတို့စစ်ဆေးဖို့ရာအတွက် အခက်အခဲမရှိတော့ဘူး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အားဖြင့် အခုတင်ပြသွားတဲ့အတိုင်း နိုင်ငံရဲ့မြေယာ၊ အဆောက်အအုံနဲ့ လုပ်ငန်းအရင်းအမြစ်တွေရဲ့အပေါ်မှာ အခြေခံထားတဲ့၊ ငှားရမ်းထားတဲ့ ဖက်စပ်ဆောင်ရွက်မယ်ဆိုပြီး သဘောတူထားတဲ့ စသည်ဖြင့် နည်းအမျိုးမျိုးနဲ့ရယူထားကြတဲ့ လုပ်ငန်းစီမံကိန်းတွေကို ပြန်လည်စိစစ်ပြီးတော့ အစိုးရအဖွဲ့အစည်းများနှင့်ထားရှိခဲ့တဲ့ ကတိကဝတ်များအတိုင်း အရေးယူသင့်တာတွေကို အရေးယူ၊ ပြန်သိမ်းသင့်တာတွေကို ပြန်သိမ်းတာ။ ကြပ်မတ်သင့်တာတွေကို ကြပ်မတ်တာ။ ကာလပေါက်ဈေးနဲ့ဘယ်လိုမှ မအက်စပ်တဲ့သဘာဝမကျတာတွေကိုလည်း ကျွန်မတို့ပြင်ဆင်တာတွေ အမြန်ဆုံးလုပ်ဆောင်ဖို့ လွှတ်တော်ကြီးကနေပြီး Resolution တစ်ရပ်လုပ်ပေးမှသာ ပြည်ထောင်စုအစိုးရက ဆက်လက်ဆောင်ရွက်နိုင်မှာပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒများ၊ နှစ်ရှည်အခြေခံအဆောက်အအုံများ အစီအစဉ်ဒီဇိုင်းများနှင့်အညီ အမှန်တကယ်ရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြင့်သာ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး ဒေသအသီးသီးက ပြည်သူတွေရဲ့အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်လာမှာသေချာတာမို့ ကျွန်မအနေနဲ့ ဒီနေ့ပြည်သူ့လွှတ်တော်ကြီးကနေပြီးတော့ ဆွေးနွေးအတည်ပြုနိုင်ဖို့ရန်အတွက် ကျွန်မရဲ့အဆိုဖြစ်တဲ့ နိုင်ငံတော်ပိုင်မြေယာများ၊ အဆောက်အအုံများ၊ လုပ်ငန်းများအားအခြေပြု၍ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခွင့်ပြုခဲ့သောစီမံကိန်းများအား ပြန်လည်သုံးသပ်စစ်ဆေးကာ ကတိကဝတ်နှင့်မညီညွတ်ပါက ခွင့်ပြုချက်ရပ်ဆိုင်းခြင်း၊ ထိုက်သင့်သောအရေးယူမှုများပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များ၊ အမှန်တကယ်အကျိုးရှိသောစီမံကိန်းသစ်များအား အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံပိုင်အရင်းအမြစ်များ အမှန်တကယ်အကျိုးရှိလာစေရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဤပြည်သူ့လွှတ်တော်ကြီးကနေ လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်ဖြစ်ပြီး ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့ နိုင်ငံတော်ပိုင်မြေယာများ၊ အဆောက်အအုံများ၊ လုပ်ငန်းများအပေါ်မှာအခြေပြု၍ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ခွင့်ပြုခဲ့သောစီမံကိန်းများအား ပြန်လည်သုံးသပ်စစ်ဆေးကာ ကတိကဝတ်နှင့်မညီညွတ်ပါက ခွင့်ပြုချက်ရပ်ဆိုင်းခြင်း၊ ထိုက်သင့်သော

အရေးယူမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအတွက် အမှန်တကယ်အကျိုးရှိသောစီမံကိန်းအသစ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံပိုင် အရင်းအမြစ်များ အမှန်တကယ်အကျိုးရှိလာစေရေးစီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံသွားမှာ ဖြစ်ပါတယ်။

လေးစားရပါတဲ့ဥက္ကဋ္ဌကြီးရှင်။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် ထောင်စုနှစ်ရည်မှန်းချက်အဖြစ်နဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က သဘာဝသယံဇာတအရင်းအမြစ်တွေကို လက်ရှိလူသားတွေ အလွန်အကျွံထုတ်ယူသုံးစွဲနေခြင်းဟာ နောင်အနာဂတ်မျိုးဆက်လူသားတွေရဲ့ ဖြစ်တည်မှုနှင့်ရှင်သန်မှုကို ငြင်းပယ်လိုက်တာနဲ့အတူတူပဲလို့ ပြောကြားခဲ့ပါတယ်။ ဆိုလိုတာက သဘာဝသယံဇာတအရင်းအမြစ်ဆိုတာ အကန့်အသတ်နဲ့တည်ရှိတာဖြစ်လို့ အကျိုးရှိထိရောက်စွာ အသုံးချနိုင်ဖို့က အရေးကြီးဆုံးဖြစ်ပြီး ယခုလက်ရှိလူသားတွေချည်းပိုင်ဆိုင်တာမဟုတ်ဘဲ ဒီကမ္ဘာမြေ ပေါ်မှာ နောင်မွေးဖွားလာမယ့်အနာဂတ်မျိုးဆက်လူသားတွေနဲ့လည်း သက်ဆိုင်တာမို့လို့ ဒီအရင်း အမြစ်တွေကို သုံးစွဲရာမှာ နောင်မျိုးဆက်တွေရဲ့အကျိုးစီးပွားကိုပါ မျှော်တွေးထောက်ချင့်ပြီး စနစ်တကျစီမံခန့်ခွဲသင့်ကြောင်း အလေးအနက်မီးမောင်းထိုးပြလိုက်တဲ့ဟာ ဖြစ်ပါတယ်။ အဆိုရှင် တင်ပြသွားတဲ့နိုင်ငံတော်ပိုင်မြေ၊ အဆောက်အဦ၊ လုပ်ငန်းတွေဆိုတာဟာလည်း ဒီမြေ၊ ဒီရေမှာ လက်ရှိ ရှင်သန်နေတဲ့ ကျွန်မတို့နဲ့ချည်းသက်ဆိုင်တာမဟုတ်ဘဲ ဒီမြေ၊ ဒီရေမှာ နောင်မွေးဖွားဖြစ်တည်လာမယ့် ကျွန်မတို့ရဲ့မျိုးဆက်သစ်နိုင်ငံသားတွေအားလုံးပိုင်ဆိုင်ခွင့်ရှိတဲ့အရင်းအမြစ်တွေဖြစ်လို့ ကျွန်မတို့ အနေနဲ့ ဒီအရင်းအမြစ်တွေကို ကိုင်တွယ်စီမံရာမှာ ပစ္စုပ္ပန်တင်မက အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသား တွေရဲ့အကျိုးစီးပွားတွေကို အထိရောက်ဆုံးဖြစ်ထွန်းစေမယ့် အာမခံဖော်ဆောင်ပေးမယ့် စီမံခန့်ခွဲမှု တွေဖြစ်ဖို့ အထူးလိုအပ်ပါတယ်ရှင်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ဒီမိုကရေစီစနစ်မှာ ရှေ့အစိုးရရဲ့ကောင်းမွေဆိုးမွေတွေကို နောက်အစိုးရက ဆက်ခံရမယ်ဆိုတာ အထူးပြောစရာမလိုပါဘူး။ သို့သော် ရှေ့အစိုးရရဲ့အားနည်းချက် တွေကို နောက်အစိုးရဆိုတာက နိုင်ငံတော်နဲ့နိုင်ငံသားတွေရဲ့အကျိုးစီးပွားကို ရှေးရှုဦးတည်ပြီး ပြင်စရာရှိတာပြင်ဖို့၊ တည့်မတ်စရာရှိတာ တည့်မတ်ဖို့ သမိုင်းပေးတာဝန်ရှိနေတယ်ဆိုတာကို ကျွန်မတို့ မမေ့သင့်ပါဘူး။ ဒါကြောင့် အဆိုရှင်က နိုင်ငံပိုင်အရင်းအမြစ်တွေကိုအခြေပြုပြီး ရင်းနှီးမြှုပ်နှံရန် ဆောင်ရွက်ခဲ့သော၊ ခွင့်ပြုခဲ့သော စီမံကိန်းတွေကို ချုပ်ဆိုခဲ့သော စာချုပ်စာတမ်းများတွင် ထားရှိခဲ့ သော ကတိကဝတ်များနှင့်ညီ/မညီ ပြန်လည်စစ်ဆေးသုံးသပ်ကာ စာချုပ်ပါ ကတိကဝတ်နှင့် မညီညွတ် ပါက ခွင့်ပြုချက်ရုပ်သိမ်းတာ၊ ထိုက်သင့်တဲ့အရေးယူမှုတွေ ဆောင်ရွက်တာစတဲ့ အမှားကို အမှန်ပြင် ခြင်း၊ တိမ်းစောင်းနေလျှင် ပြန်လည်တည့်မတ်ခြင်းလုပ်ငန်းစဉ်တွေကို နိုင်ငံတော်အစိုးရအနေနဲ့ မဖြစ်မနေဆောင်ရွက်သင့်ကြောင်း အလေးအနက်ထားတိုက်တွန်းနေတာလို့ ကျွန်မအနေနဲ့ သိရှိ နားလည်မိပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်နမူနာအနေနဲ့ ကိုးကားတင်ပြသွားတဲ့ နိုင်ငံပိုင်မြေဧက ထောင်ချီကို တစ်ဧကမှ တစ်လကျပ် ၈၀၀ နှုန်းနဲ့ နှစ် ၇၀ ငှားရမ်းခွင့်ပြုထားတာ။ မန္တလေးနားက ပလိပ်လိုအချက်အချာကြတဲ့နေရာမှာ မူလက အထည်အလိပ်လုပ်ငန်းပဲ လုပ်ကိုင်ခွင့်ပြုရာကနေ

**မူကြမ်း**

စာချုပ်ပြင်ဆင်ချုပ်ဆိုပြီး မြေဧက ၆၀၀ ကျော်ကို ငှားတဲ့သူစိတ်ကြိုက်လုပ်ငန်းလုပ်ခွင့်ပေးလိုက်တာ စတဲ့စီမံကိန်းတွေရှိနေတာကို ကြည့်ခြင်းအားဖြင့် လက်ရှိအစိုးရအနေနဲ့ နိုင်ငံတော်နှင့်နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားအတွက် ရင်းနှီးမြှုပ်နှံမှုတွေကို အဟန့်အတားဖြစ်စေသော၊ တိုင်းပြည်တိုးတက်ရေးကို အဟန့်အတားဖြစ်စေသော၊ ဒေသခံပြည်သူတွေကို အကျိုးမဲ့စေသော ဒီစီမံကိန်းတွေကို မဖြစ်မနေ ပြန်လည်စိစစ်သုံးသပ်ပြီး ထိုက်သင့်တဲ့အရေးယူဆောင်ရွက်မှုတွေ လုပ်သင့်နေတယ်ဆိုတာ အထူးပေါ်လွင်ထင်ရှားပါတယ်ရှင်။ ဒီလိုဆောင်ရွက်ဖို့ အဆိုရှင်က တိုက်တွန်းနေခြင်းဟာ ယခင်အဆက်ဆက်က လုပ်ဆောင်ခဲ့တဲ့စီမံကိန်းအားလုံးကို ဖျက်သိမ်းဖို့တိုက်တွန်းနေခြင်းမဟုတ်ဘဲ ကတိကဝတ်ပျက်ကွက်တဲ့ လုပ်ငန်းစီမံကိန်းတွေကိုသာ လိုအပ်တဲ့ထိန်းကျောင်းတည့်မတ်မှုတွေ လုပ်ဆောင်ဖို့၊ နိုင်ငံသူနိုင်ငံသားမျိုးဆက်သစ်များအတွက် အမှန်တကယ်အကျိုးရှိစေတဲ့ စီမံကိန်းအသစ်တွေကို အကောင်အထည်ဖော်ဖို့ တိုက်တွန်းနေတာလို့ ကျွန်မအနေနဲ့ သိရှိနားလည်မိပါတယ်။ တစ်နည်းအားဖြင့် ရှေ့ကမှားခဲ့သလို ထပ်မမှားအောင် သင်ခန်းစာယူရမှာဖြစ်သလို တတ်နိုင်သလောက်ရှေ့က အားနည်းချက်တွေကို ပြန်လည်ကုစားပြီး နောက်ဆက်ခံမယ့်အစိုးရတွေအတွက် အစဉ်အလာကောင်းတစ်ခု ချန်ရစ်ထားနိုင်ရေးကို ဦးတည်တိုက်တွန်းတဲ့အဆိုဖြစ်တဲ့အတွက် ကျွန်မတို့ပြည်သူ့လွှတ်တော်ကြီးက ဒီအဆိုကို လက်ခံဆွေးနွေးအတည်ပြုပေးနိုင်ပါရန် လေးလေးနက်နက် ထောက်ခံလိုက်ရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတော်ပိုင်မြေယာများ၊ အဆောက်အအုံများ၊ လုပ်ငန်းများအပေါ်အခြေပြု၍ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ခွင့်ပြုခဲ့သော စီမံကိန်းများအား ပြန်လည်သုံးသပ်စစ်ဆေးကာ ကတိကဝတ်နှင့်မညီညွတ်ပါက ခွင့်ပြုချက်ရုပ်သိမ်းခြင်း၊ ထိုက်သင့်သော အရေးယူမှုများပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအတွက် အကျိုးရှိသော စီမံကိန်းသစ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံပိုင်အရင်းအမြစ်များ အတွက် အမှန်တကယ်အကျိုးရှိလာစေရေးစီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။

## ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်ကတင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၈-၂-၂၀၁၉ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၂၀-၁၂-၂၀၁၈ ရက်(အင်္ဂါနေ့)တွင် လွှတ်တော်သို့ လက်ခံရရှိ ကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါ တယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက် များကို တိကျစွာရေးသားဖော်ပြ၍ ၂၄-၁၂-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်း ရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ်ငါးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလို ဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆို တင်သွင်းတဲ့ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်(၃၂) ချက်ကို သဘောတူသင့်ကြောင်းနှင့် (၃၆)ချက်နှင့်စပ်လျဉ်းပြီး ပြင်ဆင်သင့်ကြောင်း တင်ပြထားပါတယ်။

**မူကြမ်း**

၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ နယ်နိမိတ်တိုင်းတာ ပိုင်းခြား သတ်မှတ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူ သင့်သည့် ၃၂ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းအေး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင် တစ်ဦးဖြစ်ပြီးတော့ ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအဖွဲ့ရုံးက ပေးပို့လာတဲ့ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ၂၃-၈-၂၀၁၈ ရက်နေ့၌ စတင်တင်သွင်းခဲ့ပြီး ၁၇-၉-၂၀၁၈ ရက်နေ့တွင် ကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ပြင်ဆင်ချက်များနဲ့ အတည်ပြုခဲ့ပြီးတဲ့နောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ဖြစ်တဲ့ ၂၀-၁၂-၂၀၁၈ ရက်(အင်္ဂါနေ့)မှာ လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြင်ဆင်ချက် အဆိုများကို ၂၄-၁၂-၂၀၁၈ ရက်(ကြာသပတေးနေ့) နောက်ဆုံးထားပြီး တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်နှင့် ပြင်ဆင်ချက် အဆိုများတင်သွင်းလာခဲ့ကြပါတယ်။ ၎င်းတို့ကတော့-

| | | |
|---|---|---|
| (က) | ဦးဌေးငွေ | မြောင်မဲဆန္ဒနယ်၊ |
| (ခ) | ဦးမောင်မြင့် | မင်းကင်းမဲဆန္ဒနယ်၊ |
| (ဂ) | ဦးဝင်းဝင်း | မင်းဘူးမဲဆန္ဒနယ်၊ |
| (ဃ) | ဦးတင်ကိုကိုဦး | ဘီးလင်းမဲဆန္ဒနယ်၊ |
| (င) | ဗိုလ်မှူးထင်လင်းဦး | တပ်မတော်သားကိုယ်စားလှယ်တို့ ဖြစ်ကြပါတယ်။ |

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့က တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၄-၁-၂၀၁၉ ရက်(ကြာသပတေးနေ့)မှာ ညှိနှိုင်းအစည်းအဝေး တစ်ရပ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့

လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့တဲ့အချက်များ အနက် အောက်ဖော်ပြပါအချက် (၃၂)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ ၎င်းအချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေး ထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ချက် (၃၂)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ မှ ၄ | ၂၊ ၃၊ ၅၊ ၁၀ | အခန်း(၁) ခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ်ခွဲ(စ) |
| (ခ) | ၅ မှ ၆ | ၁၁၊ ၁၃ | အခန်း(၂) ခေါင်းစဉ်၊ အပိုဒ် ၄ အပိုဒ်ခွဲ(ခ) |
| (ဂ) | ၆ မှ ၈ | ၁၅၊ ၁၆၊ ၁၉ | အခန်း(၃) ခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဂ) |
| (ဃ) | ၈ မှ ၂၁ | ၂၀၊ ၂၂၊ ၂၃၊ ၂၆၊ ၂၇၊ ၃၀၊ ၃၅၊ ၃၇၊ ၃၈၊ ၄၀၊ ၄၂ | အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁) နှင့်(၂)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)ကို ပယ်ဖျက်ခြင်း၊ အခန်း(၄)ရှိ ဘေးခေါင်းစဉ်၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)နှင့် (ဃ)၊ အပိုဒ်ခွဲ(ဈ)(ည)နှင့်(ဋ)၊ ဘေးခေါင်းစဉ်၊ အပိုဒ် ၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(ဆ)နှင့်(ဇ) |
| (င) | ၂၁ မှ ၂၄ | ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၅၀ | အခန်း(၅) ခေါင်းစဉ်၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၅ |
| (စ) | ၂၅ | ၅၃ | အခန်း(၆) ခေါင်းစဉ် |
| (ဆ) | ၂၆ | ၅၇၊ ၅၉ | အခန်း(၇) ခေါင်းစဉ်၊ အပိုဒ် ၂၂ |
| (ဇ) | ၂၆ မှ ၃၀ | ၆၀၊ ၆၆၊ ၆၇၊ ၆၈ | အခန်း(၈) ခေါင်းစဉ်၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ |

သို့ဖြစ်ပါ၍ ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် (၃၂)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိမိကတော့ စိုက်ပျိုးရေး၊

မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းခဲ့တဲ့ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘော တူညီတဲ့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၃၂)ချက်ကို လွှတ်တော်က အတည်ပြုပေးရေး တင်ပြချက်အပေါ်မှာ သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၃၂)ချက်ကို ဥပဒေကြမ်း ကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၃၂)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့်(၃၂)ချက်ကို အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၃၆)ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းအေး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူ ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၃၆)ချက်ရှိပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၃၆)ချက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၄ | ၁၊ ၄၊ ၆၊ ၇၊ ၈၊ ၉ | ဥပဒေခေါင်းစီး၊ အပိုဒ် ၂၊ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဃ)နှင့် (င) |
| (ခ) | ၅ မှ ၆ | ၁၂၊ ၁၄ | အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ) |
| (ဂ) | ၇ | ၁၇၊ ၁၈ | အပိုဒ် ၆ ခြေဆင်း၊ အပိုဒ်ခွဲ(က)နှင့် (ခ) |
| (ဃ) | ၈ မှ ၂၁ | ၂၁၊ ၂၄၊ ၂၅၊ | အပိုဒ် ၇ အပိုဒ်ခွဲ(က)နှင့် (ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အမျိုးသား |

| | | | |
|---|---|---|---|
| | | ၂၈၊ ၂၉၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၆၊ ၃၉၊ ၄၁၊ ၄၃ | လွှတ်တော်၏အသစ်ဖြည့်စွက်ချက် အပိုဒ် ၈ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၈ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ် ၉ အပိုဒ်ခွဲ(ခ) (ဂ) နှင့် (ဃ)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဈ) |
| (င) | ၂၂ မှ ၂၄ | ၄၈၊ ၄၉၊ ၅၁၊ ၅၂ | အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇ |
| (စ) | ၂၅ | ၅၄၊ ၅၅၊ ၅၆ | အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ |

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (ဆ) | ၂၆ | ၅၈ | အပိုဒ် ၂၁ |
| (ဇ) | ၂၆ မှ ၂၉ | ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅ | အမျိုးသားလွှတ်တော်၏အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၃ ကိုပယ်ဖျက်ခြင်း၊ အမျိုးသားလွှတ်တော်၏ အတည် ပြုချက် အပိုဒ် ၂၄ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ |

သို့ဖြစ်ပါ၍ ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက် (၃၆)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းခဲ့တဲ့ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ပြင်ဆင်ရန်တင်ပြချက်(၃၆)ချက်ကို လွှတ်တော်ကအတည်ပြုပေးပါရန် တင်ပြချက်ကို သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၃၆)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၃၆)ချက်သည်

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြု တဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကို လည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာသော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထား သည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်(သောကြာနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်  (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၄.၂.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm


U Sat Aung


U Aung Ko Latt

pyithu.hluttaw.mm


U Nyi Tun


U Khin Zaw

pyithu.hluttaw.mm


U Nyi Tun


Dr San Shwe Win

pyithu.hluttaw.mm


U Nyi Tun


Dr Saw Naing

pyithu.hluttaw.mm


U Maung Maung Win


Dr Thet Thet Khine

pyithu.hluttaw.mm


U Maung Maung Win


Daw Aye Aye Mu

pyithu.hluttaw.mm



U Maung Maung Win



U Sai Oo Kham

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်